ကြေးမုံ The Mirror

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (30-10-2003) (၄၀၁၉)

ယနေ့ထုတ်ဆောင်ရေ ၁၉၅၄၄၂

အပ္ပမာဒေါ စ ဓမ္မေသု တော် မင်္ဂလ မုတ္တမံ။

တရား၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရစာအုပ်။

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု စာပဒေသာဆုရစာအုပ်။

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု ကလေးစာပေဆုရစာအုပ်။

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု လူငယ်စာပေဆုရစာအုပ်။

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် (သုတ)ဆုရစာအုပ်။


၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ (ဝိဇ္ဇာ)ဆုရစာအုပ်။

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ (အသုံးချသိပ္ပံ)ဆုရစာအုပ်။

၂၀၀၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု စာရေးဆရာကြီးမောင်ထင် ရရှိ

မစန္ဒာ၊ သန်းမြင့်အောင်၊ ဇော်မင်းမင်းဦး၊ မောင်ခင်မင်(ဓနုဖြူ)၊ မင်းရွှေမင်း(အင်းစိန်) ရေနံမြေမောင်မောင်ကြည်၊ ဟိန်းလတ်၊ နတ်နွယ်၊ မကြန်၊ ဒေါက်တာကျော်သန်းထွန်းနှင့် ဒေါက်တာထွန်းအောင်ကျော်(မျက်စိ)တို့ ဘာသာရပ်အလိုက် အမျိုးသားစာပေဆုများ ဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၂ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆု ချီးမြှင့်ရွေးချယ်ခြင်းခံရသော စာအုပ်များ၊ စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာလိုက်ရာ အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄မျိုးရှိသည့်အနက် ၁၁မျိုးတွင် စာပေဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

၂၀၀၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု ရရှိသူ စာရေးဆရာကြီး မောင်ထင်။
ဓာတ်ပုံ–သွင်အေး(ကြေးမုံ)


၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ (ဝိဇ္ဇာ)ဆုရရှိသူ ဆရာမကြီး မကြန်။
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆု ရရှိသူ ဆရာမ မစန္ဒာ။
ဓာတ်ပုံ–သောင်းဝင်းဗိုလ်

၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် (သုတ)ဆု ရရှိသူ ဆရာဟိန်းလတ်။
ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

30-10)KM.P65 1 1/1/32, 8:47 AM

ကြေးမုံ
The Mirror

၃၀-၁၀-၂၀၀၃
(ကြာသပတေးနေ့)

ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး အမျိုးသားကျန်းမာရေးစီမံကိန်း ချမှတ်ဖြည့်ဆည်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တက်ကြွသော ပူးပေါင်းပါဝင်မှုစွမ်းအားကို အားထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းသို့ စီမံဆောင်ရွက်ရာတွင် ဆေးရုံ၊ ဆေးပေးခန်းများ အသစ်တိုးချဲ့တည်ဆောက်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းများ ပါဝင်သည်။ ယခုအခါ ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာ ၂၅ ခုတင်မှ ခုတင် ၅၀၊ ခုတင် ၁၀၀မှ ခုတင် ၂၀၀နှင့် ခုတင် ၃၀၀ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။

တနင်္သာရီတိုင်း မြိတ်မြို့တွင် တည်ဆောက်ပြီးစီးသွားသည့် ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၅ရက်က အဆိုပါ ဆေးရုံသစ်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်ခဲ့သည်။

မြိတ်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို ငွေကျပ်သိန်းပေါင်း ၄၀၀၀ကျော် ကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆေးရုံသစ်ကြီးတွင် အထူးကုဆရာဝန်ကြီး ၁၂ဦး၊ အထူးကုဆရာဝန် ၁၂ဦး၊ လက်ထောက်ဆရာဝန် ၂၂ဦး၊ သူနာပြု ၆၄ဦးတို့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှုပင် ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကျခံသုံးစွဲလျက်ရှိနေခြင်း ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နှစ်စဉ်တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်က အထွေထွေနှင့် အထူးကုဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၆၁၇ရုံသာ ရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ရုံအထိ ရှိလာသည်ကို တွေ့ရသည်။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်စေရေးအတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်လျက်ရှိသည်။ တနင်္သာရီတိုင်းအတွင်း၌လည်း ၁၉၈၈ခုနှစ်က ဆေးရုံပေါင်း ၆၅ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၈၅ခုသာရှိခဲ့ရာမှ ယခု ၂၀၀၃ခုနှစ်တွင် ဆေးရုံပေါင်း ၇၂ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၉၄ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံးရှိ ဒေသအသီးသီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်၍ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း၌ ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့သည် ဖွံ့ဖြိုးရေးဒေသကြီးနှစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ ဖွံ့ဖြိုးရေးဒေသကြီး တစ်ခုစီတွင် တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံကြီးများ ပါဝင်ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိရာ မြိတ်မြို့ ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံသစ်ကြီးသည် တစ်ခုအပါအဝင် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများချမှတ်ပြီး ဖြည့်ဆည်းပေးလျက်ရှိရာ ကျန်းမာကြံ့ခိုင်သန်စွမ်းသော တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ဘုရင့်နောင်) တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၄နာရီ ၄၅မိနစ်တွင် ပြိုင်ပွဲဝင်များတည်းခိုရာ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ပြိုင်ပွဲဝင်များ၏ စားရိပ်သာနှင့် တည်းခိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲဝင်များအား အားပေးစကားပြောကြားကာ ညနေ၅နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

❍ **မြန်မာ့ရိုးရာမှ**

အရေး၊ အတီးပြိုင်ပွဲများ၏ ၁၆ရက်မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသား) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကိုကျင်းပရာ တယောဦးဟန်ဝင်းရေးစပ်သီကုံးပြီး တေးသံရှင်ကြည်ကြည်ဌေးသီဆိုခဲ့သည့် "သုံးဆယ့်ရှစ်ဖြာမင်္ဂလာ"သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးကိုကိုနိုင်၊ မကွေးတိုင်းမှ ဦးဟန်ထွန်း၊ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်(ခ)သားထွေးစတင်း၊ မန္တလေးတိုင်းမှ ဦးသက်နိုင်၊ ရှမ်းပြည်နယ်မှ ဦးမျိုးမြင့်၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ ဧရာဝတီတိုင်းမှ ဦးကြည်ဝင်း(ခ) ဦးထွန်းမင်းလှိုင်၊ ကရင်ပြည်နယ်မှ ဦးမြတ်သန်းစံ၊ မွန်ပြည်နယ်မှ ဦးမင်းဟန်နှင့် ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက် ၁၀နှစ်မှ ၁၅နှစ်(အမျိုးသမီး) ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲ၌ တေးသံရှင် ဒေါ်မေစီ သီဆိုခဲ့သည့် "အနုပညာသည်"သီချင်းဖြင့် ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ မန္တလေးတိုင်းမှ မငြိမ်းငြိမ်းအေး၊ ကယားပြည်နယ်မှ မချောစု၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ရန်ကုန်တိုင်းမှ မမြတ်ပိုးခေတ်၊ မန္တလေးတိုင်းမှ မရတနာဦး၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ ချင်းပြည်နယ်မှ မရို့စ်စလီဗန်ထာချင်းထွေး၊ စစ်ကိုင်းတိုင်းမှ မပြည့်ဖြိုးသူ၊ မကွေးတိုင်းမှ မသန္တာအေး၊ ဧရာဝတီတိုင်းမှ မဖြိုးသဥ္ဇာခင်၊ ပဲခူးတိုင်းမှ မဟေမာန်စိုး၊ တနင်္သာရီတိုင်းမှ မဝင်းယုယုဖြိုး၊ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ကချင်ပြည်နယ်မှ မသဥ္ဇာဦးနှင့် မွန်ပြည်နယ်မှ မသင်းဝင်းလှိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေ ၃နာရီခွဲတွင် ၁၆ရက်မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

မယ်ဒလင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

မယ်ဒလင်အတီးပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် မယ်ဒလင်အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးညိုကြီးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို စတင်ကျင်းပရာ "ပုံပမာ" (ကြိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးလှဌေး၊ ကယားပြည်နယ်မှ ဦးအေးသန်း၊ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ ရန်ကုန်တိုင်းမှ ဂီတာဦးအောင်ရှိန်၊ စစ်ကိုင်းတိုင်းမှ ဦးမျိုးမြင့်သန်းနှင့် ဧရာဝတီတိုင်းမှ ဦးအေးရီတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပညာရှင်အဆင့် (အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲတွင် "ဆဒ္ဒန်အိုင်သာ" (သီချင်းခံ) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်ပါဝင်ယှဉ်ပြိုင်သည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် ၁၅နှစ်မှ ၂၀နှစ်(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ"ဂန္ဓမာတောင်"(ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဟန်ဝင်းအောင်၊ မွန်ပြည်နယ်မှ မောင်အောင်ဟိန်းဦး၊ ဧရာဝတီတိုင်းမှ မောင်ဝင်းလွင်ဦး၊ ရခိုင်ပြည်နယ်မှ မောင်အောင်နိုင်ဝင်းနှင့် ရန်ကုန်တိုင်းမှ မောင်မျိုးဆွေသန့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်၁၅နှစ်မှ ၂၀နှစ်(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင်"တောင်တောသာယာ"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသီရိလှိုင်ပါဝင်ယှဉ်ပြိုင်သည်။

ပတ္တလား

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသည်။

ပညာရှင်အဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် "တောင်ရံတောကြီး" (မွန်) သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးစိန်မင်းလွင်၊ စစ်ကိုင်းတိုင်းမှ ဦးမြင့်ဝင်း၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်း၊ ပဲခူးတိုင်းမှ ဦးအောင်ဝင်း(ခ) ဦးစိုးမြင့်၊ မကွေးတိုင်းမှ ဦးအောင်မျိုးကျော်၊မန္တလေးတိုင်းမှ ဦးကောင်းသန့်(ခ) ကျော်ဇင်ထွန်း၊ ကရင်ပြည်နယ်မှ မောင်လှိုင်မင်း၊ ကချင်ပြည်နယ်မှ ပန်တျာကျော်ဇော(မြဝတီ)၊ မွန်ပြည်နယ်မှ ဦးကောင်းဆက်၊ မန္တလေးတိုင်းမှ ဦးစိန်ဗိုလ်သင်းနှင့် ရခိုင်ပြည်နယ်မှ ဦးဇော်မိုးလွင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပညာရှင်အဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် "တောင်ရံတောကြီး"(မွန်) သီချင်းဖြင့် မွန်ပြည်နယ်မှ မဝင်းသန္တာအောင်၊ ရန်ကုန်တိုင်းမှ မဗိုလ်မ၊ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေးနှင့် မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွန့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆိုင်း

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ)မိုးသူဇာနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဒေါ်အေးမာသီနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်နုနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် ပညာရှင်အဆင့် (အမျိုးသမီး)ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲများကို အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်ဦးစိန်စတင်းခေါင်းဆောင်သော အဖွဲ့ဝင်များက ကြီးကြပ်၍အကဲဖြတ် အမှတ်ပေးကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် ၁၅-၂၀နှစ်(အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ဧရာဝတီတိုင်းမှ မယုစန္ဒာဝင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မထက်ထက်လင်းအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ) ပေါက်ကျော်မနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက် ၅-၁၀နှစ် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မချိုချိုဗိုလ်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မအေးချမ်းဆွေနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲများကို အတီးအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင် ဦးစိန်လှမြိုင် ခေါင်းဆောင်သော အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။ (သတင်းစဉ်)



အင်းစိန်(၁၀)မိုင်ကုန်း မြဝတီမင်းကြီးလမ်း အမှတ်(၄/၂၉) လင်းလင်းစာပေက ထုတ်ဝေသော မောင်ထွန်းသူ ဘာသာပြန် ကင်နရီရိုး စာအုပ်မျက်နှာဖုံး။

(က-ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်ဇယား

နေရာ		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး	အတီး	အတီး
၁၇။	၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့)	မဟာဂီတ(နံနက်) (၁) ပညာရှင် (မ) မဟာဂီတ (နေ့လယ်) (၂) အခြေခံ (၁၅-၂၀) (ကျား)	မယ်ဒလင် (၁) အခြေခံ (၁၀-၁၅) (ကျား-မ) (နံနက်) (၂) အဆင့်မြင့် (ကျား-မ) (နံနက်)	ပတ္တလား (၁) ဝါသနာရှင် (မ) (နံနက်) (၂) အခြေခံ (၁၅-၂၀) (ကျား) (နေ့လယ်)	စောင်း (၁) အခြေခံ (၅-၁၀) (ကျား-မ) (နံနက်) (၂) ဝါသနာရှင် (ကျား-မ) (နေ့လယ်)

ဘဂ္ဂဒက်၌ တနင်္လာနေ့က အသေခံဗုံးခွဲမှုများဖြစ်ပွား လူ ၄၃ ဦး သေပြီး ၂၀၀ ကျော် ဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တစ်နံတစ်လျားရှိ ရဲဌာနသုံးခုနှင့် ကြက်ခြေနီရုံးချုပ်တို့ကို အသေခံဗုံးခွဲသူများက တနင်္လာနေ့တွင် ဗုံးဖောက်ခွဲသဖြင့် လူ ၄၃ ဦး သေဆုံးပြီး လူ ၂၀၀ ကျော်ဒဏ်ရာရရှိသွားသည်။ ယင်းသို့အကြမ်းဖက်လုပ်ရပ်များ ဆက်တိုက်ဆောင်ရွက်ခြင်းကြောင့် ဘဂ္ဂဒက်မြို့တော်မှာ များစွာထိခိုက်ပျက်စီးမှုနှင့် ကြုံရသည်။

အောက်တိုဘာ ၂၇ရက်က တိုက်ခိုက်ခံခဲ့ရသည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)ရုံးမှ ဝန်ထမ်းများ ၎င်းတို့ပိုင်ဆိုင်သမျှ ပစ္စည်းများကို ရုံးအတွင်းမှ သယ်ဆောင်နေကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကားဗုံးဖောက်ခွဲမှုအားလုံး ၄၅ မိနစ်အတွင်း ဖြစ်ပွားသည့်အတွက် လူဦးရေငါးသန်းနေထိုင်သည့် ဘဂ္ဂဒက်မြို့တော်၌ အမေရိကန်ဦးဆောင်သည့် တပ်သားများနှင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်သူများကို ပြောက်ကျားတို့က ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ယခုအထိ အသေအပျောက်ထိခိုက်ဒဏ်ရာရမှု အများဆုံးဖြစ်သည်ဟု ဆိုသည်။

အီရတ်မှ တိုးတက်မှုများက ပြောက်ကျားသူပုန်များကို ဆင်ကန်းတောတိုးဖြစ်စေကြောင်းဖြင့် အမေရိကန်သမ္မတဘုရှ်က ဝေဖန်ပြောကြားလိုက်သည်။

မေလ ၁ရက်က သမ္မတဘုရှ်အနေဖြင့် အီရတ်၌ တိုက်ပွဲကြီးများပြီးဆုံးသွားပြီဟု ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်စစ်သားဦးရေမှာ ၁၁၃ ဦး ရှိသွားပြီဟု သိရသည်။ ***အင်တာနက်။***

အောက်တိုဘာ ၂၈ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး ဘာယာဒေသရှိ ရဲစခန်းတွင် ကားဗုံးပေါက်ကွဲ၍ ပျက်စီးသွားသည့် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘဂ္ဂဒက်ရှိ ကြက်ခြေနီဌာနချုပ် ဗုံးခွဲခံရမှုကြောင့် အိုင်စီအာရ်စီက လုပ်ငန်းများ လျှော့ချရန် စဉ်းစားနေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)ကို တုန်လှုပ်ချောက်ချားသွားစေလောက်အောင် ဘဂ္ဂဒက်မြို့ရှိ ကြက်ခြေနီဌာနချုပ်ကို ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အီရတ်နိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လျှော့ချရန် စဉ်းစားနေသည်ဟု ကြေညာသည်။

ထိုသို့ အသေခံဗုံးခွဲသဖြင့် အိုင်စီအာရ်စီ၏ အီရတ်အမှုထမ်း နှစ်ဦး သေဆုံးပြီး ယင်း၏ခြံဝင်းအပြင်ဘက်တွင် လူ ၁၀ ဦးတို့ သေဆုံးကြရသည်ဆို၏။

ထိုးနှက်ခံရ

ယခုကဲ့သို့ အကြမ်းဖက် တိုက်ခိုက်ခြင်းမှာ မိမိတို့အတွက် ကြီးမားစွာ ထိုးနှက်ခံရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဝက်စ်ဖောက အေပီသို့ ပြောကြားလိုက်သည်။

တုန်လှုပ်ဖွယ်

၎င်းတိုက်ခိုက်မှုမှာ ကြီးမားသည့် တုန်လှုပ်ဖွယ် တစ်ရပ်ဖြစ်ပြီး ပုံမှန်နေ့စဉ်လုပ်ငန်းပင် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်တာများ လျှော့ရတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

သုံးသပ်နေ

ရုံးချုပ်ခြံဝင်းအတွင်း၌ ဝန်ထမ်းသုံးလေးဦးမှာ အနည်းငယ်စီ ဒဏ်ရာရသွားကြောင်း၊ ဘဂ္ဂဒက်ရှိ အိုင်စီအာရ်စီ အရာရှိများနှင့် ဂျီနီဗာဌာနချုပ်ရှိ အရာရှိများက လုပ်ငန်းလည်ပတ်မှုကို သုံးသပ်နေကြကြောင်း၊ မိမိတို့လုပ်ငန်းအပေါ် ၎င်းဖြစ်ရပ်ခတ်မှုက မည်သို့အကျိုးသက်ရောက်သည်ကို ပြောရန်စောသေးကြောင်း ပြောရေး ဆိုခွင့်ရှိသူ ဝက်စ်ဖောက ပြောကြားသည်။

ထပ်မံစော်ကား

ဩဂုတ်လအတွင်းက တိုက်ခိုက်ပြီးနောက် တနင်္လာနေ့က ထပ်မံတိုက်ခိုက်ခြင်းမှာ အီရတ်ပြည်သူများအား ကူညီရန်ကြိုးပမ်းနေသူများအပေါ် ထပ်မံစော်ကားခြင်းဖြစ်သည်ဟု ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ရှုမြင်ကြသည်ဆို၏။ ***အင်တာနက်။***

အီရတ်၌သေဆုံးသူ အမေရိကန်စစ်သား ၃၅၁ ဦး ရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် တပ်များ စတင်ကျူးကျော်တိုက်ခိုက်ကတည်းက အောက်တိုဘာ ၂၇ ရက်အထိ အီရတ်၌ သေဆုံးသူ အမေရိကန်စစ်သားပေါင်း ၃၅၁ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထိုကာလအတွင်း ဗြိတိန်စစ်သား ၅၀သေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ ထို့ပြင်ဒိန်းမတ်နိုင်ငံက စစ်သားတစ်ဦး၊ စပိန်နိုင်ငံကတစ်ဦးနှင့် ယူကရိန်းနိုင်ငံက တစ်ဦးသေဆုံးကြသည်ဟုဆိုသည်။

အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က ပြောပြီးနောက် သေဆုံးသည့် အမေရိကန်စစ်သားဦးရေမှာ ၁၁၃ဦး ရှိသွားပြီဟု နောက်ဆုံးထုတ် အမေရိကန်ကာကွယ်ရေးဌာန စာရင်းများ အရ သိရသည်။

စစ်ဆင်ရေးများ စတင်သည့်အချိန်မှစ၍အောက်တိုဘာ ၂၇ရက်အထိ တိုက်ပွဲ၌ ဒဏ်ရာရသည့် အမေရိကန်စစ်သားပေါင်း ၁၆၉၇ဦးရှိပြီး အခြားအကြောင်းများကြောင့် ဒဏ်ရာရသူ ၃၃၉ဦး ရှိကြောင်း သိရသည်။ ***အင်တာနက်။***

အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်များ အီရတ်၌ လုပ်သင့်၊မလုပ်သင့် ချင့်ချိန်နေ

ဝါရှင်တန် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် လူသေစေလောက်သည့် ဆက်စပ်မှုရှိသော တိုက်ခိုက်မှု အစီအရီဖြစ်ပွားခဲ့ပြီးနောက် အီရတ်နိုင်ငံ၏ ရန်လိုတိုက်ခိုက်ရာ ပတ်ဝန်းကျင်၌လုပ်ငန်းဆောင်ရွက်ရေး အန္တရာယ်များနှင့် ပတ်သက်၍ အီရတ်နိုင်ငံတည်ဆောက်ရေးကို ကူညီနေသည့် အမေရိကန် ကန်ထရိုက် လုပ်ငန်းရှင်များက လုပ်သင့်၊ မလုပ်သင့် ချင့်ချိန်တွက်ဆနေကြသည်။

အစိုးရကန်ထရိုက်လုပ်ငန်းရှင်များက အီရတ်နိုင်ငံတွင် တည်ဆောက်ရေးလုပ်ငန်း တာဝန်ယူထားကြောင်း လူသိရှင်ကြား ထုတ်ဖော်ကြေညာထားကြောင်း၊ သို့ရာတွင် ရေရှည်ဆက်လုပ်ငန်းရေရှည်ဆောင်ရွက်ရေးကိုမူ စိုးရိမ်မှုရှိကြောင်း အလွတ်သဘောပြောကြားပြီး ၎င်းတို့က သိုသိုသိပ်သိပ်နေလိုကြောင်း ပြောကြားကြသည်။

မိမိတို့သည် ပစ်မှတ်အဖြစ် သတ်မှတ်ခံရမည်ကို မလိုလားကြောင်း၊ မိမိတို့သည် ယင်းဒေသတွင် နေထိုင်လျက်ရှိပြီး မိမိတို့အတွက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

အမေရိကန်အစိုးရက အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာဘီလျံနှင့်ချီ၍ တန်ဖိုးရှိသည့်လုပ်ငန်းများ ချပေးထားသည်။ ပေါက်ကွဲလုနီးပါး အခြေအနေများ အထူးသဖြင့် ဘဂ္ဂဒက်ကဲ့သို့ နေရာများအား ရှောင်ရှားရန် ကုမ္ပဏီများအတွက် လုံခြုံရေးအစီအစဉ်များမှာ နေ့စဉ်ပြောင်းလဲလျက်ရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ကန်ထရိုက်လုပ်ငန်းရှင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံတွင် နေထိုင်ရန် သင့်တင့်လျောက်ပတ်ကြောင်း တွေ့မြင်ရမည်ဟု မျှော်လင့်ထားကြောင်း ပြောကြားသည်။

၎င်းတို့၏လုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း၊ ၎င်းတို့အား အီရတ်မှ ပြန်ရုပ်သိမ်းပါက အကြမ်းဖက် သမားများ အောင်ပန်းဆင်ကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆက်လက် ဆောင်ရွက်ရန် ဆန္ဒနှင့်လုံခြုံရေးလိုအပ်ချက်များနှင့် ဆက်လက်နေထိုင်မည်စသဖြင့် ချင့်ချိန်ကြမည်ဖြစ်ကြောင်း ကောလင်းပါဝဲလ်က သတင်းထောက်များအား ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုနှစ်ခု ဖြစ်ပွား အမေရိကန်စစ်သား သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံတွင်တိုက်ခိုက်မှုနှစ်ခုသီးခြားစီဖြစ်ပွားခဲ့ရာ အမေရိကန် စစ်သားသုံးဦး သေဆုံးသွားပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္လာနေ့တွင် ပြောကြားသည်။

လမ်းဘေးထောင်ဗုံး

ပြီးခဲ့သော တနင်္ဂနွေနေ့ကလမ်းဘေးတွင် ထောင်ထားသော ဗုံးတစ်လုံးဘဂ္ဂဒက်၌ ပေါက်ကွဲသွားရာ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့မှစစ်သားနှစ်ဦးသေဆုံးခဲ့ပြီး အခြားစစ်သားနှစ်ဦးမှာလည်း ဒဏ်ရာရရှိသွားသည်။ ထိခိုက်သေဆုံးသွားသော စစ်သည်များမှာ အမှတ်(၁) သံချပ်ကာတပ်မမှဖြစ်သည်ဟုဆိုသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက်မြို့စွန်ရှိ အဘူဂရာအဗ်စစ်ရဲစခန်းကို အတိုက်ခိုက်ခံရသဖြင့် စစ်သားတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၁၁၃ ဦး

အမေရိကန်သမ္မတ ဘုရှ်သည် မေလ ၁ ရက်နေ့က အီရတ်၌ စစ်ပွဲပြီးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သော်လည်း တိုက်ပွဲများကစဲမသွားဘဲ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများအတွင်း သေဆုံးရသော အမေရိကန်စစ်သားစုစုပေါင်းမှာ ၁၁၃ ဦး ရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***

ကားဖြင့် ဖောက်ခွဲပစ္စည်းများ တင်ဆောင်လာပြီး ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့တောင်ဘက် အယ်လ်ခါဒရာ ရဲစခန်းရှေ့တွင် ဖြန့်ချထားသည့် အမေရိကန်တပ်သားများကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားသုံးဦး သေဆုံးခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်ဩဂုတ်လမှ အောက်တိုဘာ ၂၇ ရက်အထိ အီရတ်တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

ဩဂုတ်လအတွင်းမှစ၍ ယခုအချိန်အထိ အီရတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု စာရင်းများကို အေပီသတင်းဌာနက စုစည်းလေ့လာပြီး အောက်ပါအတိုင်း စာရင်းပြုစုတင်ပြခဲ့သည်။

ဩဂုတ် ၇ ရက်။	။ ကားဗုံးတစ်လုံးသည် ဂျော်ဒန်သံရုံးနံရံပြင်ပတွင် ပေါက်ကွဲခဲ့သောကြောင့် ကလေးနှစ်ဦး အပါအဝင် လူ ၁၉ ဦး သေဆုံးခဲ့သည်။
ဩဂုတ် ၁၉ ရက်။	။ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးစိုက်ရာ ကင်နယ်ဟိုတယ်ကို ထရပ်ကားဗုံး တစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဗီရာဒီမဲလို အပါအဝင် လူပေါင်း ၂၃ ဦးသေဆုံးခဲ့ရသည်။
ဩဂုတ် ၂၉ ရက်။	။ ကားဗုံးတစ်လုံးသည် နာဂျက်ဖ်မြို့တွင် ပေါက်ကွဲခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် လူ ၈၅ ဦးမက သေဆုံးသွားရသည်။
စက်တင်ဘာ ၉ ရက်။	။ အီရတ်နိုင်ငံမြောက်ပိုင်းရှိ အမေရိကန်ထောက်လှမ်းရေးစခန်းဝင်းကို အသေခံဗုံးခွဲသူ တစ်ဦးက တိုက်ခိုက်ခဲ့သည်။ ထိုဗုံးခွဲမှုကြောင့် လူသုံးဦးသေဆုံးသွားပြီး အမေရိကန် ထောက်လှမ်းရေးအရာရှိ လေးဦးတို့ သေဆုံးသွားသည်။
စက်တင်ဘာ ၂၂ ရက်။	။ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဌာနချုပ်ရှိ ရဲကင်းစခန်းကို အသေခံကားဗုံးခွဲသူက ကားမောင်း၍ ဝင်ရောက်ကာ ဖောက်ခွဲခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ဗုံးခွဲသူနှင့် ရဲသားတစ်ဦးတို့ သေဆုံးသွားပြီး အခြား ၁၉ ဦးတို့ ဒဏ်ရာရရှိသွားကြသည်။
စက်တင်ဘာ ၂၅ ရက်။	။ အင်န်ဘီစီသတင်းဌာနရုံးစိုက်ရာ ဟိုတယ်ကို ဗုံးထောင်ပြီး ဖောက်ခွဲခံခဲ့ရာ ဆိုမာလီ လူမျိုး အစောင့်တစ်ဦး သေဆုံးပြီး အင်န်ဘီစီမှ အသံဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦး အနည်းငယ်ဒဏ်ရာရရှိသွားသည်။
အောက်တိုဘာ ၉ ရက်။	။ အသေခံကားဗုံးခွဲသူတစ်ဦးက ဘဂ္ဂဒက်မြို့၏ ဆာဒ်မြို့ဒေသရှိ ရဲစခန်းတစ်ခုကို ဗုံးခွဲ တိုက်ခိုက်ခဲ့သောကြောင့် ဗုံးခွဲသူနှင့်အခြားကိုးဦးတို့ သေဆုံးသွားကြသည်။
အောက်တိုဘာ ၁၂ ရက်။	။ ဘဂ္ဂဒက်ဟိုတယ်အနီးတွင် အသေခံကားဗုံးခွဲမှုဖြစ်ပွားရာ လူရှစ်ဦးသေဆုံးပြီး အနည်းဆုံး ၃၂ ဦး ဒဏ်ရာရရှိသွားသည်။
အောက်တိုဘာ ၁၄ ရက်။	။ အသေခံကားဗုံးခွဲမှုတစ်ခု တူရကီသံရုံးပြင်ပတွင် ဖြစ်ပွားခဲ့သောကြောင့် ကားဗုံးခွဲသူ တစ်ဦးနှင့် အခြားလမ်းမပေါ်ရှိ လူတစ်ဦးတို့ သေဆုံးသွားရသည်။
အောက်တိုဘာ ၂၆ ရက်။	။ အစောင့်အကြပ် ထူထပ်စွာချထားသော အယ်လ်ရာရှစ်ဟိုတယ်ကို ဒုံးကျည်များဖြင့် ပစ်ခွင်းခံရသောကြောင့် အမေရိကန်ဗိုလ်မှူးကြီးတစ်ဦး သေဆုံးသွားပြီး အခြား ၁၈ ဦး တို့ ဒဏ်ရာရရှိသွားကြသည်။ တိုက်ခိုက်ခံရစဉ်က အမေရိကန် ဒုတိယကာကွယ်ရေး ဝန်ကြီး ပေါလ်ဝုလ်ဖော်ဝစ် ဟိုတယ်၌ ရှိနေခဲ့သော်လည်း အထိအခိုက်မရှိ လွတ်မြောက် သွားသည်။
အောက်တိုဘာ ၂၇ ရက်။	။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီဌာနချုပ် အဆောက်အအုံနှင့် ရဲစခန်းသုံးခုတို့တွင် ပေါက်ကွဲ ခဲ့သည်။ ပေါက်ကွဲမှုများကြောင့် လူ ၄၀ ခန့် သေဆုံးခဲ့သည်ဟုဆိုသည်။

အင်တာနက်။

အမေရိကန်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အီရတ်စစ်ပွဲကြောင့် များစွာထိခိုက်

မက္ကဆီကို အောက်တိုဘာ ၂၇

အမေရိကန်စီးပွားရေးမှာ အီရတ်စစ်ပွဲ၏ ရိုက်ခတ်ဩဇာလွှမ်းမှုကို အကြီးအကျယ်ခံနေရကြောင်းဖြင့် မက္ကဆီကိုနိုင်ငံတွင် ကျင်းပသည့် အုပ်စု-၂၀ အစည်းအဝေးဖွင့်ပွဲတွင် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ အာလန်ဂရင်းစပင်က ထုတ်ဖော်ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ်များအတွင်းက အမေရိကန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယေဘုယျစီးပွားရေးမှာ အီရတ်စစ်ပွဲကြောင့် များစွာထိခိုက်ရကြောင်းဖြင့် အာလန်ဂရင်းစပင်က ဂျီ-၂၀ အုပ်စုမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ တက်ရောက်သည့် အစည်းအဝေးတွင် ပြောကြားလိုက်သည်။

ဤအစည်းအဝေးမှာ အလွတ်သဘောကျင်းပခြင်းဖြစ်ပြီး၊ အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ မိန့်ခွန်းကို မီဒီယာများသို့ ချက်ချင်းထုတ်မပေးချေ။

ထို့နောက် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန အရာရှိတစ်ဦးက အုပ်စု-၂၀ (ဂျီ-၂၀) ဝင်နိုင်ငံများ အနေဖြင့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ထည့်ဝင်ကူညီကြရန် တိုက်တွန်းသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျွန်စနိုးက အီရတ်နိုင်ငံ ပြန်လည် တည်ဆောက်ရေး၏ အရေးကြီးပုံကို ရှင်းပြသည်။ အထူးသဖြင့် အီရတ်၏ ကြွေးမြီများကိစ္စကို ရှင်းပြကြောင်း ပြောရေးဆိုခွင့်ရှိသူ ရောဘတ်နီကိုလ်ကပြောဆိုသည်။ အီရတ် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုအပိုင်းမှာ စိတ်လေးဖွယ်ရာ ကြွေးမြီများဖြစ်ကြောင်း၊ အီရတ်သည် နိုင်ငံခြားကြွေးမြီ ဒေါ်လာ ၁၂၅ ဘီလျံရှိပြီး ဆယ်စုနှစ်များနှင့်ချီ၍ ကြာခဲ့သည့်စစ်ပွဲနှင့် နိုင်ငံတကာ ပိတ်ပင်တားဆီးမှု ခံရပြီးနောက် နိုင်ငံပြန်လည်တည်ဆောက်ရန် ဒေါ်လာ ၅၆ ဘီလျံ လိုအပ်နေသည်ဟု ဆိုသည်။

နှစ်ရက်ကြာ အစည်းအဝေးမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စက်တင်ဘာလက ကန်ကွန်၌ မအောင်မြင်သော ကုန်သွယ်ကန့်သတ်ချက်များ လျှော့ချရေး အစည်းအဝေးအပြီးတွင် ကမ္ဘာ့စီးပွားရေး ထိပ်တန်းနိုင်ငံများ ပထမဆုံး တွေ့ဆုံကြခြင်းဖြစ်သည်။

အုပ်စု-၂၀ (ဂျီ-၂၀)အဖွဲ့တွင် အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ကနေဒါ၊ ရုရှားပါသည့် အုပ်စု-၈ (ဂျီ-၈)နှင့် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီနှင့် ဥရောပသမဂ္ဂတို့ ပါဝင်သည်။ အုပ်စု-၂၀ (ဂျီ-၂၀)သည် ကမ္ဘာ့ဂျီဒီပီ၏ ၈၅ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနေထိုင်သည့် နိုင်ငံများဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် အမေရိကန်တပ်သားများက ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမေးမြန်းရန် အီရတ်အမျိုးသားများအား ဖမ်းဆီးစစ်ဆေးနေစဉ်။ (အောက်တိုဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် အသေခံ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လူ ၄၃ ဦး သေဆုံးပြီး ၂၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။) *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တွင် ရာဇဝတ်မှု ၁၂သန်း နီးပါးဖြစ်ပွား

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်နိုင်ငံ တစ်ဝန်းလုံးတွင် ပြီးခဲ့သည့်နှစ်က ရာဇဝတ်မှုပေါင်း ၁၁ဒသမ၉သန်းခန့် ဖြစ်ပွားခဲ့ကြောင်း အမေရိကန် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က တနင်္လာနေ့က ပြောကြားသည်။

အဆိုပါ အရေအတွက်သည် ၂၀၀၁ ခုနှစ်ကထက် တစ်ရာခိုင်နှုန်းထက် မနည်းပိုမိုများပြားလာ ပြီး ၁၉၉၈ခုနှစ် ဖြစ်ပွားမှုနှုန်းအောက် ၄ဒသမ၉ ရာခိုင်နှုန်း လျော့နည်းကာ ၁၉၉၃ခုနှစ် ဖြစ်ပွားမှုနှုန်းအောက် ၁၆ရာခိုင်နှုန်း လျော့နည်းလာကြောင်း သိရသည်။

၂၀၀၂ခုနှစ်တွင် အကြမ်းဖက် ရာဇဝတ်မှု ၁ဒသမ၄သန်းနှင့် လူသတ်မှု ၁၆၂၀၄မှုဖြစ်ပွားခဲ့ကာ ယင်းနှစ်မှာပင် ဖောက်ထွင်းမှု၊ ခိုးမှုနှင့် မော်တော်ယာဉ်ခိုးမှုကဲ့သို့ ရာဇဝတ်မှုများကြောင့် အမေရိကန်ဒေါ်လာ ၁၆ဒသမ၆ ဘီလျံ နစ်နာခဲ့သည်။

ထို့ပြင် လွန်ခဲ့သောနှစ်က အဓမ္မပြုကျင့်မှု ၉၅၁၀၀ ဖြစ်ပွားခဲ့ကာ ဖောက်ထွင်းခိုးယူမှု ၂ဒသမ၂သန်း ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆေးလိပ်သောက်သူများ အသားမျှင်မာရောဂါ ပိုမိုဖြစ်ပွားနိုင်ဟုဆို

ဝါရှင်တန် အောက်တိုဘာ ၂၈

ဆေးလိပ်သောက်သူများတွင် အသားမျှင်မာသောရောဂါမျိုးစုံဖြစ်ပွားမှုသည် ဆေးလိပ်မသောက်သူများထက် သုံးဆပိုမိုဖြစ်ပွားဖွယ်ရှိကြောင်း သုတေသီများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ မက်ဆာချူးဆက်ပြည်နယ်ရှိ ဟားဘတ်တက္ကသိုလ်နှင့် နော်ဝေးနိုင်ငံဘာဂျင်တက္ကသိုလ်မှ သုတေသီများက အသက် (၄၀)မှ (၄၇)နှစ်အရွယ်အတွင်း ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်တွင် လူပေါင်း ၂၂၀၀၀ အား လေ့လာခဲ့ရာ ဆေးလိပ်သောက်သူယောက်ျားများတွင် အသားမျှင်မာသော ရောဂါမျိုးစုံဖြစ်ပွားမှုအန္တရာယ်သည် ဆေးလိပ်မသောက်သူများထက် သုံးဆခန့်မြင့်မားနေပြီး ဆေးလိပ်သောက်သူအမျိုးသမီးများတွင် ၎င်းရောဂါဖြစ်ပွားမှုအန္တရာယ်မှာ ဆေးလိပ်မသောက်သူ အမျိုးသမီးများထက် နှစ်ဆခန့် မြင့်မားလျက်ရှိသည်ကိုတွေ့ရှိရသည်။

စီးကရက်သောက်ခြင်းသည် သောင်းပြောင်းထွေလာ ဓာတုပစ္စည်းများကို သောက်သုံးသလိုဖြစ်ပြီး ၎င်းဓာတုဗေဒပစ္စည်းများမှာ အာရုံကြောများကိုပျက်စီးစေသည့် အဆိပ်များပင်ဖြစ်ကြောင်း ဟားဘတ်ကျန်းမာရေးကျောင်းမှ သုတေသီအက်စ်ချာရီယိုက ပြောကြားသည်။ ဆေးလိပ်သောက်ခြင်းကြောင့်ရောဂါမည်သို့မည်ပုံဖြစ်ပွားစေသနည်းဟု အက်စ်ချာရီယိုအား မေးမြန်းရာ ၎င်းကယင်းကိစ္စနှင့်ပတ်သက်၍ မသိရှိသေးကြောင်း၊ ယင်းကြောင့် အချက်အလက်ရရှိရေးမှာ အရေးပါပြီး သုတေသနပိုမိုလုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗုံးဆက်တိုက်ပေါက်ကွဲမှုများကြောင့် ဘဂ္ဂဒက်လမ်းများပေါ်တွင် လူသူကင်းမဲ့ အမေရိကန်တပ်ဖွဲ့ဝင်များ ကွန်ကရစ်နံရံနောက်ကွယ်၌ ပုန်းအောင်းနေရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

ဘဂ္ဂဒက်မြို့တွင် နေဝင်မီးငြိမ်းအမိန့် ရုပ်သိမ်းအပြီး တနင်္လာနေ့က ဗုံးဆက်တိုက်ပေါက်ကွဲမှုများကြောင့် အီရတ်ပြည်သူများ ထိတ်လန့်တကြားဖြစ်ကာ လမ်းမများပေါ်တွင် လူသူကင်းမဲ့လျက်ရှိသည်။ ယခုကဲ့သို့ တိုက်ခိုက်မှုများ ပြုလုပ်ရခြင်းသည် ကြောက်လန့်မှုများ မြင့်တက်လာပြီး အမေရိကန်တို့ ထွက်ခွာသွားစေရန်ဖြစ်ကြောင်း အီရတ်ပြည်သူတို့က ထင်မြင်ယူဆကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ကွန်ကရစ်နံရံများနောက်ကွယ်၌ ပုန်းအောင်းနေရပြီး လမ်းမများပေါ်ထွက်ပါက နောက်ထပ်တိုက်ခိုက်ခံရမည်ကို ကြောက်ရွံ့တုန်လှုပ်လျက်ရှိသည်။ ယခုကဲ့သို့ ဖြစ်လင့်ကစား ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် အမေရိကန်တပ်ဖွဲ့များ အီရတ်တွင် အောင်မြင်မှုများရနေသည်ဟု အထူးပြု ဆက်လက် ပြောကြားလျက်ရှိသည်။

မျှော်လင့်မထား

ဂျော့ဘုရှ်က အီရတ်တွင် လက်ရှိဖြစ်ပွားနေသော အခြေအနေကို အကောင်းမြင်ပြောကြားခဲ့သော်လည်း နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကမူ အီရတ်နိုင်ငံတွင် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရပြီး စစ်ပွဲသည် ယခုလောက်ကြာရှည်မည်ဟု မျှော်လင့်မထားခဲ့ကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်းဆို

အီရတ်နိုင်ငံမှတပ်ဖွဲ့များ ချက်ချင်းလက်ငင်းရုပ်သိမ်းရန် အမေရိကန်နိုင်ငံတစ်ဝန်း ကန့်ကွက်ဆန္ဒပြသူများက တောင်းဆိုလျက်ရှိကြသည်။

ယခုစစ်ပွဲသည် ဗီယက်နမ်လိုစစ်ပွဲတစ်ခုဖြစ်ကြောင်း ပြောကြားကြသည်။

စီအက်ဖ်အိုင်။

စောင့်ကြပ်

ဘဂ္ဂဒက်မြို့တော် ထောင်ဘက်ရဲစခန်းတစ်ခုတွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် အနီးရှိ အဆောက် အအုံခေါင်မိုးမှ လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်သားတစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်ရေနံရောင်းရငွေ ဒေါ်လာ၁ဒသမ၄ဘီလျံရှိ

ကုလသမဂ္ဂ အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ရေနံရောင်းရငွေများကို ကိုင်တွယ်မှုနှင့် ပတ်သက်၍ လျှို့ဝှက် ထားရှိမှုအပေါ် တိုက်ခိုက်ခံနေရသည့် အမေရိကန် အုပ်ချုပ်ရေးအဖွဲ့က ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားပြီးသည့်နောက် ရေနံရောင်းရငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလျံကို တနင်္လာနေ့က စာရင်းထုတ်ပြန် ကြေညာလိုက်သည်။

အမေရိကန် ဦးဆောင်သည့် အပေါင်းပါ ယာယီအာဏာပိုင်အဖွဲ့ (စီပီအေ)က စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးဘီလျံကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အခွင့်အာဏာလွှဲအပ်ထားသည့် အီရတ်နိုင်ငံဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ အဖွဲ့သို့ အပ်နှံထားသည်။ လုံခြုံရေးကောင်စီက မေလအတွင်းတွင် အီရတ်နိုင်ငံ ပြန်လည် တည်ဆောက်ရေးအတွက် လျာထားသည့် ငွေများနှင့် အခြားရေနံရောင်းရငွေများကို ယင်းအဖွဲ့သို့ အပ်နှံရန်ညွှန်ကြားထားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ရှာဖွေစစ်ဆေး

ဘဂ္ဂဒက်မြို့ရှိ ဟိုတယ်တစ်ခုအနီး ပန်းခြံအတွင်း၌ ဒုံးကျည်တစ်စင်း ထိမှန်ပေါက်ကွဲပြီးနောက် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အမေရိကန် တပ်သားများအနီးတစ်ဝိုက်တွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အမေရိကန် အရင်းအနှီး ပေးဆပ်ရမည်

ဘရပ်ဆယ် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ ကျူးကျော်ဝင်ရောက်ခြင်းသည် တရားမျှတမှု မရှိကြောင်း၊ အမေရိကန် ပြည်ထောင်စုအနေဖြင့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အရင်းအနှီး ပေးဆပ်ရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများမှ ပြည်သူလူထု၏ သုံးပုံတစ်ပုံသောပြည်သူများက ထင်မြင်ခဲ့ကြောင်း ဥရောပ ကော်မရှင်က ကောက်ယူသော လူထုသဘောထားစစ်တမ်းကို တနင်္လာနေ့တွင် ထုတ်ပြန်ရာမှ သိရသည်။

အလိုရှိ

ယင်းသဘောထားစစ်တမ်းကို အီရတ်နိုင်ငံ စစ်ပွဲအကြိုကာလမှ လွန်ခဲ့သည့် ရက်သတ္တပတ်က ပြုလုပ်သည့် မဒရစ် အလှူရှင်နိုင်ငံများ ညီလာခံကာလအထိ အီးယူအဖွဲ့ဝင် ၁၅ နိုင်ငံစလုံးတွင် ကောက်ယူခဲ့ခြင်း ဖြစ်သည်။ ဥရောပပြည်သူလူထုအနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် အမေရိကန် ပါဝင်မှုကို မလိုလားဘဲ ကုလသမဂ္ဂအဖွဲ့နှင့် အီရတ်ယာယီအစိုးရက စီမံခန့်ခွဲသည်ကိုသာ အလိုရှိကြကြောင်း အဆိုပါ စစ်တမ်းတွင် တွေ့ရှိရသည်။

ဆန့်ကျင်

အီရတ်နိုင်ငံသို့ စစ်သားပို့ဆောင်ရေးကိစ္စနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေလင့်ကစား ဥရောပပြည်သူအများစုက အီရတ်နိုင်ငံ ငြိမ်းချမ်းရေးထိန်းသိမ်းရန် ၎င်းတို့နိုင်ငံများမှ တပ်သားများ ပို့ဆောင်ရေးကို ဆန့်ကျင်ကြသည်။

ကြိုက်နှစ်သက်

အီရတ်ပြည်သူလူထုတစ်ရပ်လုံးသို့ လူလူချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီပေးရေးကိစ္စကိုဥရောပပြည်သူများက တစ်ခဲနက် ထောက်ခံကြကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးနေမှုကို ပြည်သူတစ်ဝက်ကျော်ကျော် အများစုက ကြိုက်နှစ်သက်ကြကြောင်း အဆိုပါ သဘောထားစစ်တမ်းတွင် တွေ့ရှိရသည်။

သဘောထားကွဲလွဲ

ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားရန် အီရတ်စစ်ပွဲ ဆင်နွှဲမှုအပေါ် ဆန့်ကျင်သည့် အစိုးရနှင့် ထောက်ခံသည့် အစိုးရတို့ကြောင့် နိုင်ငံအချို့ သဘောထားကွဲလွဲခဲ့သည့် ဂယက်ရိုက်မှုများ ရှိခဲ့ကြောင်း အဆိုပါ စစ်တမ်းက ဖော်ပြထားသည်။

ပြောကြား

ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားပြီး ခြောက်လအကြာ ဒိန်းမတ်နိုင်ငံမှလွဲ၍ အီးယူအဖွဲ့ဝင်နိုင်ငံတိုင်းရှိ ပြည်သူအများစုက အီရတ်စစ်ပွဲ မတရားကြောင်း ပြောကြားကြသည်။

စစ်တမ်း ကောက်ယူ

အီးယူအဖွဲ့ဝင် ၁၅ နိုင်ငံရှိ လူ ၇၅၁၅ဦးကို တစ်နိုင်ငံလျှင် လူ ၅၀၀ နှုန်းဖြင့် အောက်တိုဘာ ၈ ရက်မှ ၁၆ ရက်အတွင်း တေလာနယ်လဆင် ဥရောပအဖွဲ့က လူထုစစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အက်စပရင်ဆေးဝါး အူမကင်ဆာကာကွယ်

ပါရီ အောက်တိုဘာ ၂၉

အက်စပရင်ဆေးဝါးသည် အူမကင်ဆာရောဂါဖြစ်ပွားမှုကို တားဆီးနိုင်ကြောင်း၊ ရောဂါ ဖြစ်ပွားမှုနှုန်းကို ၃၀ ရာခိုင်နှုန်း လျော့ကျစေကြောင်း ပြင်သစ်နိုင်ငံမှ လေ့လာသုတေသနပြုချက်အရ သိရသည်။ ၎င်းလေ့လာမှုကို ဆေးရုံပေါင်း ၄၉ ခုတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စီအက်ဖ်အိုင်။



လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာမှ စိုက်ပျိုးရေးပစ္စည်းများ သွင်းကုန် အကောက်ခွန်လျှော့ချရန် ထိုင်းနိုင်ငံ အဆင်သင့်ရှိ

ဗန်ကောက် အောက်တိုဘာ ၂၈

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေရန် လှုံ့ဆော်သည့်အနေဖြင့် လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ စိုက်ပျိုးရေးဆိုင်ရာ ကုန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများအပေါ်မှ သွင်းကုန်အကောက်ခွန် လျှော့ချရန်အတွက် ထိုင်းနိုင်ငံက အဆင်သင့်အနေအထား ရှိနေကြောင်း ထိုင်းသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

ငါးရာခိုင်နှုန်းထိ လျှော့ချ

သွင်းကုန်ပစ္စည်းပေါ်မှ အခွန်အကောက်များကို သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ လျှော့ချမည်ဖြစ်ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘိုဒါရာမစ်က ဒေသခွဲဆိုင်ရာ ကုန်သွယ်ရေးအပေါ် ညီညွတ်မည့်ချဉ်းကပ်မှုဖြင့် ဆုံးဖြတ်အဖြေရှာရန် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံမှ ဝန်ကြီးများအစည်းအဝေးတွင် ပြောကြားခြင်းဖြစ်သည်။

အမျိုးအမည်

စနစ်သစ်အစီအစဉ်အရ ကမ္ဘောဒီးယားမှ သွင်းကုန်ပစ္စည်းများအတွက် လျှော့ချသည့် အခွန်အကောက်စနစ်အရအမျိုးအစား၊ အမျိုးအမည် ၄၈ မှ ၂၄၉ အထိ ရှိမည်ဖြစ်ပြီး လာအိုနိုင်ငံမှ သွင်းကုန်ပစ္စည်းအပေါ် အခွန်ကောက်ခံမှုသည် အမျိုးအစား ၂၆ မျိုးမှ ၁၅၀ အထိ ရှိမည်ဖြစ်ကာ မြန်မာနိုင်ငံမှ သွင်းကုန်ပစ္စည်းအမျိုးပေါင်း ၇၂ မျိုးမှ ၃၀၀ နှင့် ၄၀၀ ကြားရှိမည်ဖြစ်သည်။

အဆိုပါနိုင်ငံသုံးခုမှ သွင်းကုန်ပမာဏကို ယခုနှစ်ကုန်တွင် ဝန်ကြီးအဖွဲ့ အတည်ပြုချက်ရပြီးပါက တိုးမြှင့်မည်ဖြစ်ကြောင်း ဘိုဒါရာမစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရန်ကုန်တိုင်း သာကေတမြို့နယ် စံပြဥယျာဉ်ဈေးနှင့် (၉)ရပ်ကွက် လဟာပြင်ဈေး မိသားစုများနှင့် ဈေးတာဝန်ခံ ဦးကျော်သန်း၊ ဈေးဘာသာရေးအဖွဲ့အစည်းများမှ စုပေါင်း၍ ဝါတွင်းသုံးလ ဆွမ်းလောင်းပွဲ အောင်ပွဲနှင့် စာရေးတံမဲ သံဃာအပါး(၂၁၀၀)ကျော်တို့အား ဆွမ်းပဒေသာပင် အပါအဝင် အလှူတော်ငွေကျပ် သိန်း ၅၀ ကျော်ဖိုး လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက်က ကျင်းပရာ သံဃာတော်များအား စာရေးတံမဲများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ပြည်လုံးအေးရန်ပြေ၊ မာန်ပြေ စေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ပဲခူးမြို့ ဇဂဝါကုန်း ကျိုးတောင်ကျောင်းတိုက် ဆရာတော်ကြီး ဦးဇာဂရ အမှူးထား၍ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ တည်ထားကိုးကွယ်ထားသော ပြည်လုံးအေး ရန်ပြေ၊ မာန်ပြေစေတီတော်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မဟာမြတ်မုနိရုပ်ပွားတော် ကျောင်းဆောင်ထီးတော်တင်လှူပွဲ၊ ဘုရားအနေကဇာတင်ပွဲ၊ အလှူရေစက်ချပွဲတော်ကြီးကို ၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ (က-ပ)

ကန်တော့ခံ သက်ကြီးဘောလုံးသမားဟောင်းများကို ကန်တော့ငွေပေးအပ်စဉ်။ (ကြေးမုံ)

အထက(၁)ပဲခူး အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၉

အထက(၁)ပဲခူး(ယခင်ဟိုက်စကူး)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ၈ရက်) စနေနေ့ မွန်းတည့် ၁၂ နာရီတွင် ပဲခူးအထက(၁) သီရိပညာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးဟုတ်စိန် ကျောင်းအုပ်ကြီး (ငြိမ်း) ဖုန်း-၀၅၂-၂၁၈၉၉၊ ဦးရှိန် ဆန်စက်ပိုင်ရှင် ဖုန်း-၀၅၂-၂၁၄၅၃၊ ဦးငွေရှိန် ယုန်ညီနောင်ဆေးလိပ်ရုံပိုင်ရှင် ဖုန်း-၀၅၂-၂၁၄၁၆၂၊ ဒုတိယဗိုလ်မှူးကြီးညွန့်ဇော် (ငြိမ်း)၊ ဥက္ကဋ္ဌ ပဲခူးအသင်း ဖုန်း-၀၁-၂၇၈၃၀၅၊ ဦးဟန်ကြူ ဒုတိယဥက္ကဋ္ဌ ပဲခူးအသင်း ဖုန်း-၀၁-၂၈၂၅၉၃နှင့် ဒေါ်စမ်းစမ်းမြင့် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၅၂-၂၁၀၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

ဘဏ္ဍာ/အခွန်ဘောလုံးအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းမှ ဘဏ္ဍာ/အခွန် (အကောက်ခွန်) သက်ကြီးဘောလုံးသမားဟောင်းများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီးရှိ အကောက်ခွန် ခမ္မာရုံ တွင်ကျင်းပရာ ဘဏ္ဍာ/အခွန် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းမှ ကစားသမားဟောင်းများ၊ လက်ရှိ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ပူဇော်ကန်တော့ကြသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် ရှေးဦးစွာ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းကိုယ်စား အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ဘဏ္ဍာ/အခွန် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးခင်မောင်လင်းကပူဇော်သက္ကာရစကားပြောကြားသည်။ ထို့နောက် ကန်တော့ခံသက်ကြီးဘောလုံးသမားဟောင်းများအား ဘဏ္ဍာ/အခွန်အသင်း ရရှိသော ဆုကြေးများထဲမှ ကန်တော့ငွေများကို အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့်တာဝန်ရှိသူများ၊ ကစားသမားများ ကပေးအပ်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များက ကန်တော့ခံ သက်ကြီးဘောလုံးသမားဟောင်းများကို လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ကြွရောက်လာသော ဧည့်သည်များအား ဘဏ္ဍာ/အခွန်ဘောလုံးအသင်း အထိမ်းအမှတ်အလံငယ်များ ပေးအပ်ကြသည်။ ၎င်းနောက် ကန်တော့ခံ သက်ကြီးဘောလုံးသမားဟောင်းများကိုယ်စား ဦးဘကြည်က ဩဝါဒစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘောလုံးသမားဟောင်းများ

ကန်တော့ခံ သက်ကြီးဘောလုံးသမား ဟောင်းများမှာ မစ္စတာဒစ်ကမင်း၊ ဦးလှသောင်း၊ ဦးဘကြည်၊ ဦးစောသာဒင်၊ ဦးအာရ်ရင်ကျော်၊ ဦးမန်စံဘ၊ ဦးတင်ဦး(၃)၊ ဦးဖေခင်၊ ဦးခင်လတ်၊ ဦးအောင်ခိုင်၊ ဦးတိုနီစိန်နှင့်ဦးဆန်နီတင်ထွန်းတို့ ဖြစ်ကြသည်။ **(ကြေးမုံ)**

ဆုချီးမြှင့်

အောက်တိုဘာ ၂၄ ရက်က ၂၀၀၃ ခုနှစ် အငှမအကြိမ်မြောက် ပြည်နယ် နှင့်တိုင်း ဂျူဒိုပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်း အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဆုချီးမြှင့်စဉ်။ (အား/ကာ)

စာရင်းကိုင်သင်တန်း တန်းခွဲသစ်များဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ် (၂၆၈) ဒုတိယထပ် ပန်းဆိုးတန်းလမ်း(ထက်) ခုံးကျော်တံတား အနီးတွင် ဖွင့်လှစ်ထားရှိသော ဆရာဦးအောင်နိုင်၏ AUNG NAING LCCI Training Centreတွင် နိုင်ငံတကာအသိအမှတ်ပြု LCCI စာရင်းကိုင်သင်တန်း Level 1,2,3 တန်းခွဲသစ်များကို ဖွင့်လှစ်မည်။

တန်းခွဲအားလုံးကို ဆရာဦးအောင်နိုင်ကိုယ်တိုင် ဂရုတစိုက်ကြီးကြပ်သင်ကြားပေးလျက်ရှိပြီး တန်းခွဲသစ်များကို ဒီဇင်ဘာ ၆ရက် စနေနေ့တွင် ဖွင့်လှစ်မည်ဖြစ်ရာ စာရင်းကိုင်ပညာလေ့လာသင်ကြားသူများ အနေဖြင့် သင်တန်းခန်းမသို့လည်းကောင်း၊ ဖုန်း-၇၂၁၁၄၃ သို့လည်းကောင်း ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဂူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်အမှုဆောင် ဒေါ်အယ်လ်ခွန်းရီ အခြေခံနန်းချွမ်(၁၂)နှစ်အောက် (မ)ပြိုင်ပွဲဆုရရှိသူများအား အောင်နိုင်ဆုများ ချီးမြှင့်စဉ်။ (ကြေးမုံ)

အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) မြန်မာနိုင်ငံကြက်တောင်အားက စားအဖွဲ့ချုပ်နှင့် ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မြို့မကြက်တောင် အားကစားရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်တောင် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အမှာစကားပြောကြားသည်။ ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်)ဦးစီးအရာရှိ ဦးသက်နိုင်က အမျိုးသားအသင်းလိုက် ဒုတိယဆုရ အနောက်ပိုင်းခရိုင်(က) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဦးစီးအရာရှိ ဦးမောင်ဝင်းက အမျိုးသမီးအသင်းလိုက် ဒုတိယဆုရ အနောက်ပိုင်းခရိုင်(ခ) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က အမျိုးသား အသင်းလိုက် ပထမဆုရ အနောက်ပိုင်းခရိုင်(ခ) အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊မြန်မာနိုင်ငံကြက်တောင် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးမောင်မောင်ဆွေက အမျိုးသမီးအသင်းလိုက် ပထမဆုရ အနောက်ပိုင်းခရိုင်(က) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် မြန်မာနိုင်ငံကြက်တောင် အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးရော်ဘင်တင်က အတိုးတက်ဆုံး အမျိုးသား အားကစားသာမားဆုရ ညွှန့်ဝင်းလွင်(အထက-၂၊လမ်းမတော်) အား ဆုကြေးငွေကျပ် သုံးသောင်းကို လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဦးစီးအရာရှိ ဦးသက်နိုင်က အတိုးတက်ဆုံး အမျိုးသား အားကစားသမားဆုရ အောင်ကြည်မင်း (ပညာရေးတက္ကသိုလ်ကျောင်း)အား ဆုကြေးငွေ ကျပ်သုံးသောင်းကိုလည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)မှ ဦးစီးအရာရှိ ဦးမောင်ဝင်းက အတိုးတက်ဆုံး အမျိုးသမီးအားကစားသမားဆုရ မြတ်သီတာဝင်း(အထက-၁၊ ဒဂုံမြောက်) အား ဆုကြေးငွေကျပ် သုံးသောင်းကိုလည်းကောင်း၊အထက-၂၊ ဒဂုံ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက အတိုးတက်ဆုံး အမျိုးသမီး အားကစားသမားဆုရ ယုအိစံ (ပညာရေးတက္ကသိုလ်ကျောင်း) အား ဆုကြေးငွေကျပ် သုံးသောင်းကို လည်းကောင်း အသီးသီးဆက်လက် ချီးမြှင့်ကြသည်။

ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က အထူးချွန်ဆုံး အမျိုးသားအားကစားဆုရ တေဇာဖြိုး (အထက-၄၊ အလုံ) အား ဆုကြေးငွေ ကျပ်နှစ်သိန်းကို လည်းကောင်း၊မြန်မာနိုင်ငံကြက်တောင် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးမောင်မောင်ဆွေက အထူးချွန်ဆုံး အမျိုးသမီး အားကစားသမားဆုရ ဖူးပွင့်ဖြ (အထက-၂၊စမ်းချောင်း)အား ဆုကြေးငွေကျပ် နှစ်သိန်းကို လည်းကောင်း ချီးမြှင့်ကြသည်။ အဆိုပါ ဆုကြေးငွေအားလုံးကို မြန်မာနိုင်ငံ ကြက်တောင် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးမောင်မောင်ဆွေက ပံ့ပိုးချီးမြှင့်ခြင်းဖြစ်ပြီး အထူးချွန်ဆုံးအားကစားသမားဆုရ အားကစားသမားနှစ်ဦးအား နှစ်ပတ်လည် ထောက်ပံ့ကြေးအဖြစ် တစ်လလျှင် တစ်သောင်းခွဲစီဖြင့် တစ်နှစ်အတွက် ကျပ်နှစ်သိန်းစီကို ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

အထူးချွန်ဆုံးဆု

ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံကြက်တောင်အားကစားသမားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ အထူးချွန်ဆုံး အမျိုးသမီး အားကစားသမားဆုရ ဖူးပွင့်ဖြ (အထက-၂၊ စမ်းချောင်း) အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

သာမညဖလ ကိုးရက်တရားစခန်း ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သာမညဖလသုတ်ကို ပူဇော်သောအားဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်း (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စီသာသနာ့ရိပ်သာတွင် သာမညဖလ ကိုးရက်တရားစခန်းကို တန်ဆောင်မုန်းလဆန်း ၇ ရက် (အောက်တိုဘာ ၃၁ ရက်)မှ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၈ ရက်)ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ရိပ်သာဖုန်း–၅၈၁၁၆၇ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှစ် (၇၀) ပြည့်

လယ်တွင်းသားစောချစ်

မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့၏။ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဂုဏ်အားဖြင့်ကြီးသူ၊ အသက် အားဖြင့်ကြီးသူတို့ကို ပူဇော်ထိုက်သူဟု မှတ်ယူပူဇော်ကြ၏။ အိုမင်းမစွမ်းရှိသူကို စာနာထောက်ထားသနားကြင်နာ၏။ မိသားစုရှိလျှင် သားသမီးမြေးတို့က ပြုစုစောင့်ရှောက်ကြ၏။ လူအိုကို လူပိုဟု ဥပေက္ခာမပြု၊ စွန့်ပစ်ခြင်းမပြု။

ဖတ်ဖူးသောနိုင်ငံရပ်ခြား ပုံပြင်တစ်ခုတွင် ဖခင်ဖြစ်သော လူအိုကြီးကို ခြင်းတောင်းတစ်ခုမှာထည့်၍ တောင်ပေါ်သို့ ထမ်းခေါ်သွားသည်။ အဘိုးကို ထမ်းခေါ်သွားသော အဖေနှင့်အတူ သားငယ်လိုက်သွားသည်။ အဘိုးအို ပြန်မလာနိုင်လောက်အောင် ဝေးလံသောနေရာသို့ ရောက်သောအခါ အဘိုးကို ခြင်းနှင့်တကွ စွန့်ပစ်ထားခဲ့သည်ကို သားငယ်ကမြင်၏။ ဘာကြောင့် ဤသို့ပြုသည်ကို ဖခင်အားမေးသည်။ ဖခင်က အဘိုးမှာ အိုမင်းသူ လူပိုဖြစ်၍ ဆက်ပြီးမကျွေးချင်သောကြောင့် စွန့်ပစ်ရကြောင်း ရှင်းပြသည်။

သားငယ်က ခြင်းကြီးပြန်ယူခဲ့ရန် ဖခင်ကိုပြောသည်။ ဖခင်ကဘာကြောင့်ယူလိုကြောင်း မေးသည်။ သားငယ်က အဖေလူအိုဖြစ်လျှင် ဤခြင်းတွင်ထည့်၍ ဤနေရာသို့ ပို့ရန်ဖြစ်ကြောင်း ပြောသည်။ ဖခင်တုန်လှုပ်သွားသည်။ သံဝေဂဖြစ်စရာ၊ ထိတ်လန့်တုန်လှုပ်စရာ အသိပေး သတိပေးသော ပုံပြင်လေးဖြစ်သည်။

ဖြစ်ပြီးတိုင်းပျက်နေသည်။ နုပျိုခြင်းသည် အိုမင်းရာသို့ ရွေးရှုနေ၏။ မကြိုးစားလိုက်ရဘဲ ကြီးသွားသည်မှာ အသက်ဖြစ်သည်။

ငယ်ရွယ်သန်မာစဉ်က မယားကျွေးမှု၊ သားကျွေးမှုနှင့်တကွ အများအကျိုးလည်းဆောင်ခဲ့သည်။ နိုင်ငံ့ဝန်လည်းထမ်းခဲ့ပြီ၊ အသက်ကြီးသောအခါ ကံမကောင်း အကြောင်းမလှ၍ မှီခိုအားထားရာ သားသမီးမရှိ၊ ဆွေမျိုးသားချင်း အရင်းအချာမရှိ၊ ရှိသူကလည်း ကျွေးမွေးနိုင်ခြင်းမရှိ၊ ကိုယ်တိုင်လည်း လုပ်ကိုင်မစားသော အဘိုး၊ အဘွားတို့မှာ သနားစရာ၊ အချို့ဆိုလျှင် ခိုစရာ နားစရာပင်မရှိ၊ ခိုကိုးရာမဲ့ အားငယ်စရာ။

ထိုသို့သော အဘိုး၊ အဘွားများအတွက် ခိုကိုးအားထားရာလိုသည်။ တတိယအရွယ်မှာ အပူပင်မဲ့စွာ တရားဘာဝနာနှင့် နေသင့်သည်။ ထို့ကြောင့် စေတနာရှင်ဒေါ်ဦးဖွန်းက ၁၉၁၅ ခုနှစ်မှာ မင်းကွန်းလူအိုရုံကို စတင်တည်ထောင်ခဲ့သည်။ ထိုမှဆက်၍ သထုံလူအိုရုံ၊ ပေါင်းတည်လူအိုရုံ၊ နှင်းဆီကုန်းလူအိုရုံ၊ ပခုက္ကူလူအိုရုံတို့ကိုလည်း တည်ထောင်ခဲ့သည်။

ဒေါ်ဦးဖွန်းသည် အံ့ချီးလေးစားဖွယ် မေတ္တာစေတနာကြီးမြတ်သူ ပါရမီရှင်ဖြစ်၏။ ချမ်းသာကြွယ်ဝသော ပိုးကုန်သည်မိဘနှစ်ပါးမှ မွေးဖွားသည့် တစ်ဦးတည်းသောသမီးဖြစ်သည်။ ၁၆ နှစ်အရွယ်မှစတင်၍ ပိုးထည်လုပ်ငန်းကို ဦးစီးဦးဆောင်လုပ်နိုင်သည်။ မိဘများဆုံးမသွန်သင်မှုကြောင့် ငယ်စဉ်ကပင် ဘာသာတရား အထူးကိုင်းရှိုင်းသည်။ ငါးပါးသီလလုံခြုံသည်။ သီတင်းနေ့တိုင်း ရှစ်ပါးသီလမပြတ်ဆောက်တည်သည်။ အသက် ၂၂ နှစ်အရွယ်တွင် မိဘနှစ်ပါးရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွား၍ ကိုယ့်ဘဝကိုယ် ထိန်းကျောင်းရင်း ပိုးထည်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရာ ကြွယ်ဝချမ်းသာသူ ဖြစ်လာသည်။

အသက် ၃၀ အရွယ်တွင် မန္တလေးမြို့ ပတ္တမြားကျောင်းတိုက် ဆရာတော်ကြီးအား အုတ်ကျောင်းဆောက်လုပ်လှူဒါန်း၍ **ပတ္တမြားအုတ်ကျောင်းအမ** ဟု လူသိများလာသည်။ အသက် (၄၆) နှစ်အရွယ်မှစပြီး လူအိုရုံ များ ဆောက်လုပ်လှူဒါန်း၍ သက်ကြီးရွယ်အိုတို့၏ ဘဝမကြောင့်မကြ အေးချမ်းစွာခိုနားခွင့် ရအောင် စောင့်ရှောက်ခဲ့သည်။

ဒေါ်ဦးဖွန်းသည် သူပိုင်ဆိုင်သမျှ တိုက်တာအိုးအိမ်စိန်ရွှေရတနာသိန်း ၂၀ ဖိုးခန့်ကို လူအိုရုံများသို့ စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့သည်။

ယခု နှင်းဆီကုန်းဘိုးဘွားရိပ်သာနေရာမှာ မြေခုနစ်ဧကကျော်ကျယ်၍ ခမ်းနားသော အိမ်ကြီးတစ်ဆောင် ပါသည်ကို ၁၉၃၂ ခုနှစ်မှာ ငွေကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူရရှိသည်ကို ထောက်ချင့်၍ ဒေါ်ဦးဖွန်း၏ ချမ်းသာကြွယ်ဝမှုနှင့် ရက်ရောသောသဒ္ဓါတရားကို လေးစားစွာနားလည်ရပါသည်။ ရှိသမျှ စည်းစိမ်ဥစ္စာအားလုံး လှူဒါန်းရုံမျှသာမက မိမိဘဝတစ်ခုလုံးပါ ဘိုးဘွားရိပ်သာများမှာ မြှုပ်နှံလှူဒါန်းခဲ့သူလည်း ဖြစ်ပါသည်။

ဒေါ်ဦးဖွန်းသည် နှင်းဆီကုန်းလူအိုရုံကို ၁၉၃၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ရှစ်နှစ်အကြာမှာ ဒုတိယကမ္ဘာစစ်ဖြစ်၍ ဒေါ်ဦးဖွန်းက အဘိုး အဘွားများကို ကိုယ်တိုင်စောင့်ရှောက်ပြီး စစ်ဘေးလွတ်ရာ မင်းကွန်းလူအိုရုံသို့ ခေါ်ဆောင်သွားသည်။ အချို့မလိုက်ဘဲကျန်ရစ်သည်။

၁၉၄၂ ခုနှစ် အခြေအနေတည်ငြိမ်အေးချမ်းလာသောအခါ ဘောက်ထော် ဒက္ခိဏာရုံကျောင်း ဆရာတော် ဦးဥတ္တရသည် နှင်းဆီကုန်းရွာမှ ဦးစံလှ၏ အကူအညီဖြင့် အဘိုးအဘွားတို့ကို တတ်အားသမျှ ကျွေးမွေး စောင့်ရှောက်သည်။ ရသေ့မဒေါ်ဉာဏ၊ ဒေါ်ဆိုင်နှင့် အာရှလူငယ်အစည်းအရုံးဝင်အချို့က ဝေယျာဝစ္စလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြသည်။

၁၉၄၃ ခုနှစ်တွင် ဒေါ်ဉာဏ၊ ဒေါ်ဆိုင်နှင့် အာရှလူငယ်အချို့က မြန်မာ့အလင်းသတင်းစာအယ်ဒီတာ ဦးတင်ထံသို့ သွားရောက်အကူအညီတောင်းကြသည်။ ဦးတင်က မြန်မာ့အလင်းသတင်းစာမှာထည့်ပြီး နှင်းဆီကုန်းလူအိုရုံအား ကူညီကြပါရန် မေတ္တာရပ်ခံသည်။ အလှူရှင်များ ပေါ်ပေါက်လှူဒါန်းကြသည်။

နှင်းဆီကုန်းလူအိုရုံကို စနစ်တကျဖြစ်စေရန် စောင့်ရှောက်ရေးအဖွဲ့ကို ၄–၄–၄၄ ခုနှစ်တွင် ဖွဲ့စည်းသည်။ ဆရာတော်ဦးဥတ္တရနှင့် တရားဟောဆရာ ဦးဘိုးတူကို နာယကထားပြီး မြန်မာ့အလင်းဦးတင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ငွေထိန်းဦးဘတူ၊ အတွင်းရေးမှူး ဦးမြမောင်နှင့် အဖွဲ့ဝင် ၁၂ ဦးပါဝင်သည်။ အဘိုး ငါးယောက်၊ အဘွား ခုနစ်ယောက်နှင့် အသစ်တစ်ဖန်ပြန်လည် ထူထောင်ရသည်။ မင်းကွန်းရှိဘွားဦးဖွန်းထံသို့လည်း ဥက္ကဋ္ဌဦးတင်က ပြည့်စုံစွာစာရေး အကြောင်းကြားသည်။ ဘွားဦးဖွန်းက နာယကဆရာတော်မှစ၍ အဖွဲ့ဝင်များ၏ အကျိုးဆောင်မှုကို ကျေးဇူးတင်စွာ ဆုများပေးသည်။ ငွေကြေးကောက်ခံရာတွင် အတ္တလောဘသမားများ ဖယ်ရှားနိုင်ရန် သတိပေးသည်။

ဘွားဦးဖွန်းစတင်တည်ထောင်သော နှင်းဆီကုန်းလူအိုရုံကို ဥက္ကဋ္ဌဦးတင် ခေါင်းဆောင်သောအဖွဲ့က အဆင့်ဆင့်တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် နှင်းဆီကုန်းလူအိုရုံ စောင့်ရှောက်ရေးအဖွဲ့အမည်မှ **နှင်းဆီကုန်းဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့** ဟု မှတ်ပုံတင်၍ အမည်ပြောင်းခဲ့သည်။ ဘွားဦးဖွန်း သတိပေးသည့်အတိုင်း ငွေကြေးကောက်ခံမှုကိုလည်း စနစ်ကျအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် နှင်းဆီကုန်းမှတစ်ဆင့် ယခုလက်ရှိနေရာ ကမ္ဘာအေးစေတီလမ်းသို့ ပြောင်းရွှေ့ခဲ့သည်။

ထိုအချိန်မှစပြီး ဘိုးဘွားရိပ်သာသည် အဘက်ဘက်မှ အဆင့်ဆင့်တိုးတက်လာသည်။ ထိုအချိန်တွင် ဥက္ကဋ္ဌကြီးဦးတင်မှာ ကုန်သွယ်မှုတိုးတက်ရေးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေ၍ မအားလပ်သည့်ကြားမှ ဘိုးဘွားရိပ်သာသို့ နေ့စဉ်ရောက်အောင်လာသည်။ ဘိုးဘွားများ ကျန်းမာချမ်းသာစွာ နေနိုင်ရေးအတွက် လိုအပ်သည်များကို ကိုယ်တိုင်စီမံခန့်ခွဲညွှန်ကြားဆောင်ရွက်သည်။

ဦးတင်၏ ဆောင်ပုဒ်မှာ **ရောက်လာသူတိုင်း စိတ်ချမ်းသာသည်** ဟူ၍ဖြစ်၏။ သူ့ဆောင်ပုဒ်အတိုင်း ဖြစ်အောင်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်မှစ၍ ရိပ်သာစောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့တွင် အချိန်ပြည့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီခွဲထိတစ်ကြိမ် မှန်မှန်လာရောက်၍ ရိပ်သာနှင့် စပ်လျဉ်းသည့်ကိစ္စများကို အားလုံးဆောင်ရွက်သည်။

မြန်မာ့အလင်းဦးတင်သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ စတင်ဖွဲ့စည်းသည့် ၁၉၄၃ ခုနှစ်မှစ၍ ကွယ်လွန်သည့် ၁၉၇၈ ခုနှစ်အထိ ၃၅ နှစ်ကြာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ စတင်တည်ထောင်ခဲ့သူ ဒေါ်ဦးဖွန်းကဲ့သို့ပင် အံ့ချီးလေးစားစရာ မေတ္တာစေတနာကြီးမြတ်သည့် ထူးခြားသော ပါရမီရှင်ဖြစ်ပါသည်။

ဒေါ်ဦးဖွန်းစတင်တည်ထောင်ခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် ဥက္ကဋ္ဌဦးတင်ကြောင့်လည်း နှစ်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရုံမျှမက စနစ်ကျစွာ အဘက်ဘက်မှ တိုးတက်ခဲ့သည်။ ဦးတင်ဆောင်ရွက်သည့် ကာလအတွင်းမှာ ဘိုးဘွား ၁၀၀ အတွက် ပင်မအဆောက်အအုံ၊ ဘိုးဘွားရိပ်သာဓမ္မာရုံ၊ ဘွားများတိုးချဲ့ဆောင်၊ ဓမ္မဌာန်းတိုက်၊ ခုတင် ၂၀ ဘိုးဘွားဆေးရုံ၊ အုတ်တံတိုင်း၊ ဓမ္မာရုံသွား မိုးလုံလေလုံစင်္ကြံပေါင်းကူး၊ ဘိုးဘွားများအတွက် ယာယီအဆောက်အအုံ၊ ဘိုးများတိုးချဲ့ဆောင်၊ ဂိုဒေါင်နှစ်လုံး၊ ဝန်ထမ်းများအတွက် သုံးခန်းတွဲ တစ်ထပ်တိုက်တစ်လုံး၊ လေးခန်းတွဲ နှစ်ထပ်အိမ်တစ်လုံး၊ နှစ်ခန်းတွဲ တစ်ထပ်အိမ်တစ်လုံး၊ နှစ်ခန်းတွဲ တစ်ထပ်တိုက်နှစ်လုံး၊ ရေတိုင်ကီကြီးများ၊ ရေလှောင်ကန်ကြီးများ၊ ရေစုပ်စက်များ၊ လမ်းများ၊ ရေမြောင်းများကိုလည်း စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဦးတင်၏ ဆောင်ပုဒ်အတိုင်းပင် ဘိုးဘွားများနှင့်တကွ ရောက်လာသူတိုင်း စိတ်ချမ်းသာကြရသော ဘိုးဘွားရိပ်သာကြီး ဖြစ်လာသည်မှာ ဦးတင်၏ ကျေးဇူးတရားများစွာဖြစ်သည်။ ယခုအခါ ဘိုးဘွား ၂၀၀ လက်ခံနိုင်သော ရိပ်သာကြီးဖြစ်သည်။

ထို့ကြောင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ စတင်တည်ထောင်ခဲ့သာ မေတ္တာစေတနာရှင် ဒေါ်ဦးဖွန်းနှင့် ဒုတိယတည်ထောင်သူဟုဆိုရမည့် မြန်မာ့အလင်း ဦးတင်တို့အား မမေ့မပျောက်လေးစားစွာ ဂုဏ်ပြုထိုက်သူများအဖြစ် ရုပ်တုများပြုလုပ်ပြသထားသည့် သမိုင်းပြတိုက်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများနှင့်တကွ ရောက်သူတိုင်း စိတ်ချမ်းသာကြပါစေသတည်း။ ။

ဝါပအဘိဓမ္မာသင်တန်းများ သင်ကြားပို့ချမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဝါပအဘိဓမ္မာသင်တန်းများကို ဆူးလေစေတီတော် ရင်ပြင်ရှိ သင်တန်းခန်းမတွင် ဆရာကြီးဦးအံ့မောင်(သ၊စ၊အ၊ ဓမ္မာစရိယ။ အမ်အေ–ဘုံဘေ)မှ အဘိဓမ္မာ (သဘော–အဓိပ္ပာယ်)ကို နိုဝင်ဘာ ၁၀ ရက် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှစ၍(စနေ–တနင်္ဂနွေနေ့မှအပ) နေ့စဉ်ညနေ ၄း၃၀ မှ ၅း၃၀ နာရီထိ ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်သည်။ တက်ရောက်လိုသော ရဟန်းရှင်လူများသည် ဆူးလေစေတီတော် ရင်ပြင် အသင်းတိုက်တွင်လည်းကောင်း၊ ဖုန်း–၃၇၈၄၅၇ သို့လည်းကောင်း ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဆုချီးမြှင့်

အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက သဃၤန်းကျွန်းမြို့နယ် အမှတ် (၄) အခြေခံပညာ အလယ်တန်းကျောင်းတွင် ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေး၊ ဘက်စုံထူးချွန်သူများအား ဆုချီးမြှင့်ပွဲတွင် အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဒေါ်မြတ်မြတ်မူက ခြောက်ဘာသာ ဂုဏ်ထူးရှင် မစုစုထွန်းအား ဆုချီးမြှင့်စဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀–၁၀–၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှောဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှောဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ပထမနှစ် (မြန်မာစာ)
(ခ) ပထမနှစ် (ဒဿနိကဗေဒ)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ ယမင်းရွှေစင် (အပိုင်း–၁၂)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း (ဩဝါဒမွန်ကောင်းကျိုးပြုညွှန်း)**
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း–၁၈)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

❁ ရှေ့ဖုံးမှ

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆုများ ဆွတ်ခူးရရှိခဲ့သော စာပေပညာရှင်ကြီးများအနက်မှ လက်လှမ်းမီသမျှ စာပေပညာရှင်များနှင့် အမျိုးသားစာပေ တစ်သက်တာဆုရရှိသူ ဆရာကြီး မောင်ထင်တို့အား ကြေးမုံစာတည်းအဖွဲ့က အိမ်တိုင်ရာရောက်လိုက်လံတွေ့ဆုံ၍ ၎င်းတို့၏ စာပေအတွေ့အကြုံများ၊ အတွေးအမြင်များနှင့် စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့သည်များကို ဖော်ပြလိုက်ပါသည်။ **(စာတည်းမှူး)**

ပညာကြိုးစားမှုဟာ ဘဝအတွက်အထောက်အကူပြု – မောင်ခင်မင်(ဓနုဖြူ)

ကျော်ကြားထင်ရှားသည့်ပုဂ္ဂိုလ်များကို အတုယူစေချင် – ဟိန်းလတ်

ငွေကြေးရရှိမှုထက် နိုင်ငံအကျိုးပြုရေးဦးတည် – မစန္ဒာ

တွေ့ဆုံမေးမြန်းသူများ

ကျော်စိန်၊ ဌေးကြည်၊ သောင်းဝင်းဗိုလ်

ဓာတ်ပုံမှတ်တမ်း

သွင်အေး(ကြေးမုံ)၊ သောင်းဝင်းဗိုလ်၊ ခင်မောင်ဝင်း(ကြေးမုံ)

တစ်သက်တာစာပေဆု

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူများကို ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပြီး ယနေ့ထုတ်ပြန်ကြေညာခဲ့ရာ အမျိုးသားစာပေတစ်သက်တာဆုကိုရရှိသော ဆရာ ဦးထင်ဖတ် (စာရေးဆရာမောင်ထင်)အား ကြေးမုံသတင်းအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းသည်။

ဆရာမောင်ထင်မှာ အသက်(၉၃)နှစ်အရွယ်ရှိပြီဖြစ်သော်လည်း သတိမေ့လျော့ခြင်းမရှိ၊ ကျန်းမာစွာတွေ့ရှိရပြီး အမျိုးသားစာပေတစ်သက်တာဆုရရှိခြင်းနှင့်ပတ်သက်၍ ဆရာ၏သဘောထားကို ကြေးမုံက မေးမြန်းသည်။

ကြေးမုံ။ ။အမျိုးသားစာပေဆုများ ကြေညာရာမှာ ဆရာတစ်သက်တာစာပေဆုရရှိတာနှင့်ပတ်သက်လို့ ဆရာသဘောထား ဘယ်လိုရှိပါသလဲ။

ဆရာမောင်ထင်။ ။ယခုလို တစ်သက်တာစာပေဆုရတာနှင့်ပတ်သက်ပြီး မျှော်လင့်တာလည်း မရှိပါဘူး၊ ဒီနှစ် ကျုပ်က အရင်တစ်သက်တာ အမျိုးသားစာပေဆုတို့ ဘာတို့ ပခုက္ကူဦးအုံးဖေကပေးတာရှိတယ်မဟုတ်လား၊ အဲဒါပြီးပြီလို့ အောက်မေ့တာ၊ ဒီနှစ် ခင်ဗျားတို့ပြောတော့မှ မပြီးသေးပါလားသိရတာပဲ၊ မနှစ်က ပါရဂူတို့လို စာရေးဆရာကြီးတွေ ရတာလို့၊ ကျုပ်လည်းရခဲ့တာပေါ့၊ ကျုပ်လိုပုဂ္ဂိုလ်တွေ ကျန်သေးရင်လည်း ထပ်ရနိုင်သေးတာပေါ့။

ကြေးမုံ။ ။စာပေနှင့်ပတ်သက်လို့ ဆရာပြောစရာရှိတာရှိရင် သိလိုပါတယ်။

ဆရာမောင်ထင်။ ။ယခုလို တစ်သက်တာစာပေဆုရတာဟာ ရွေးချယ်ရေးအဖွဲ့က သူတို့ကြိုက်နှစ်သက်လို့ ရွေးချယ်တာပဲ၊ ဒီလို ကျုပ်ကို သတိရပြီးပေးတာကိုတော့ ဝမ်းသာဖို့ရှိတာပေါ့၊ ဝမ်းသာရတာပေါ့ဟု ပြောသည်။

ဆရာဦးထင်ဖတ်(ဆရာမောင်ထင်)သည် စာပေလောက၌ ကျော်ကြားခဲ့သည့် **ငဘ** ဝတ္ထုဖြင့် နာမည်ထင်ရှားသော စာရေးဆရာတစ်ဦး ဖြစ်လာပြီး မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ ဘာသာပြန်စာပေများကို ရေးသားခဲ့ရာတွင် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့သော ဂါလီဗာ၏ခရီးစဉ်စာအုပ်ကို ဘာသာပြန်ဆိုရေးသားခဲ့သဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။

စာရေးဆရာဘဝသာမက လွတ်လပ်ရေးရရှိပြီးနောက်တွင် ရန်ကုန်သတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး အင်္ဂလိပ်သတင်းစာ၊ မြန်မာသတင်းစာများတွင်လည်း ဆောင်းပါးများရေးသားခဲ့သည်။

ဆရာမောင်ထင်သည် ယခုအခါ အင်းစိန် ဘုရင့်နောင်လမ်း (၄)က အမှတ်–၂၄၈ တွင် သားသမီး၊ မြေးများဖြင့် နေထိုင်လျက်ရှိသည်။

စာပဒေသာဆု

အမျိုးသားစာပေ စာပဒေသာဆုရရှိသည့် ဒေါက်တာ ခင်အေး [စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ)]အား ကြေးမုံက တွေ့ဆုံ မေးမြန်းရာတွင် အောက်ပါအတိုင်းပြောကြားသည်။

ကြေးမုံ။ ။ဆရာခင်ဗျား၊ အမျိုးသားစာပေဆုပေးပွဲမှာ စာပဒေသာဆုရရှိခြင်းနှင့် ပတ်သက်၍ ဆရာစာပေဆုရရှိအောင် ဘယ်လိုကြိုးစားရသလဲဆိုတာ သိချင်ပါတယ်။

ဆရာမောင်ခင်မင်။ ။စာပဒေသာဆုရသည့်အတွက် များစွာဝမ်းသာကြည်နူးရပါတယ်၊ စာစရေးတုန်းက ဆောင်းပါးများ ရေးသားပါတယ်၊ မြို့တော်မဂ္ဂဇင်းမှာ စရေးခဲ့ပါတယ်၊ ရေးတဲ့အကြောင်းက ကျွန်တော့်အကြောင်းပါ။

ကျွန်တော်အသက် ၁၀နှစ်မပြည့်မီ အဖေဆုံးလို့ ဖတဆိုးဖြစ်တယ်၊ နောက် ၁၅နှစ်သားမှာ အမေဆုံးတော့ မိဘမဲ့ဖြစ်တယ်၊ ကြီးတော်တွေ၊ အစ်မဝမ်းကွဲတွေက စောင့်ရှောက်လို့ ကြီးပြင်းလာရတယ်၊ အဲဒီအခြေအနေမျိုးကနေ သာမန်အားဖြင့် ဒီလိုဘဝမျိုးရောက်လာစရာအကြောင်းမရှိပါဘူး။ အဲဒီအချိန်မှာ ကျွန်တော့်မှာအားကိုးစရာကလည်းမရှိ၊ ဆင်းရဲချို့တဲ့မှုတွေနှင့် ရုန်းကန်နေရတဲ့အချိန်မှာ စာပေဝါသနာလေးက ဒီအခြေရောက်အောင် တွန်းပို့လိုက်တာပဲလို့ ခံယူပါတယ်။

ငယ်ငယ်တုန်းက စာဖတ်ဝါသနာပါတော့ စာဖတ်တယ်၊ စာကြိုးစားတယ်။ ပညာကိုအာရုံပြုတယ်၊ မိဘတွေဆုံးသွားတော့ ပညာမှတစ်ပါး ကိုးကွယ်ရာမရှိဘူးလို့ ငယ်ငယ်ကပင် စွဲမြဲစဉ်းစားပြီးတော့ ကြိုးစားပြီးပညာသင်၊ စာတွေဖတ်ရှုလေ့လာတဲ့အတွက် ကျောင်းမှာစာတော်တဲ့ ကျောင်းသားအဖြစ် ဆရာမတွေအသိအမှတ်ပြုတာ ခံရတယ်။

အလယ်တန်းကျောင်းသားဘဝမှ တက္ကသိုလ်ဘွဲ့ရသည်အထိ နိုင်ငံတော်အစိုးရရဲ့ စတိုင်ပင်၊ အတန်းလိုက် စကောလားရှစ် တစ်ခုမဟုတ်တစ်ခုရခဲ့ပါတယ်၊ အဲဒီလိုရတာကလည်း စာကြိုးစားပြီး ထူးချွန်တဲ့ကျောင်းသားဖြစ်လို့ ရတာဆိုတော့ ဘဝအခက်အခဲတွေထဲက ရုန်းကန်ပြီးတော့ ပညာကြိုးစားခဲ့တဲ့အတွက် အဲဒီပညာကြိုးစားမှုဟာ ကျွန်တော့်ဘဝအတွက် အထောက်အကူပြုတယ်၊ ပညာသင်ကြားရေးမှာ တစ်ဖက်က ချို့တဲ့ပေမယ့် နောက်ဆုံးဘယ်လိုမှ မျှော်မှန်းမထားတဲ့ တက္ကသိုလ်ဆက်တက်နိုင်အောင်၊ တက္ကသိုလ်ဆက်တက်တော့လည်း တက္ကသိုလ်ပညာသင်ဆုတွေနှင့် ဂုဏ်ထူးတန်းကျောင်းသားအဖြစ် အောင်မြင်ပြီးတော့ တက္ကသိုလ်မြန်မာစာဆရာ၊ မြန်မာစာပါမောက္ခဖြစ်တဲ့အထိ ဒီလိုပို့ပေးတဲ့အင်အားဟာ စာပေဝါသနာပဲဖြစ်ပါတယ်။

အသက် ၄၀ကျော်၊ ၅၀ရောက်တော့ ဒါတွေကို ပြန်လည်ဆင်ခြင်တော့ ဒါတွေကိုပြန်ရေးရရင်တော့ လူငယ်တွေအတွက်လည်း အထောက်အပံ့ဖြစ်မယ်လို့ မြို့တော်မဂ္ဂဇင်းမှာ စရေးပါတယ်၊ ရေးရင်းနှင့်ဆောင်းပါးတွေများပြီး နှစ်လေးဆယ်ဘဝမှတ်တိုင်များစာအုပ် ထုတ်ဖြစ်တာဖြစ်ပါတယ်။ ဒီစာအုပ်ဟာ ကျွန်တော့်ဘဝကြိုးစားအားထုတ်မှုကို ဖော်ပြတဲ့စာအုပ်ဖြစ်တဲ့အတွက် လူငယ်တွေဖတ်ရင်လည်း အားရစရာ၊ သင်ခန်းစာတွေရမယ်လို့ လုပ်ခဲ့တာ မမျှော်လင့်ဘဲနှင့် ဒီစာအုပ်ကို အမျိုးသားစာပေဆုရတယ်သိရတော့ အတိုင်းမသိ ဝမ်းသာပါတယ်။

ကျွန်တော်ရေးတဲ့စာနှစ်မျိုးရှိပါတယ်၊ အရင်ကတော့ပညာရပ်ဆိုင်ရာ ဘာသာစာပေနဲ့ စာပေတွေရေးပါတယ်၊ ၁၉၈၇ခုနှစ်က စာပေဗိမာန်စာပေဆုထုတ်တော့ သုတပဒေသာ(ဝိဇ္ဇာ)ပထမဆုရပါတယ်၊ မြန်မာစကားမြန်မာစာ ရုပ်ပုံလွှာဖြစ်ပါတယ်၊ နောက်တစ်မျိုးကတော့ ရသ သဘောပါတဲ့အတ္ထုပ္ပတ္တိ

၂၀၀၂ ခုနှစ် အမျိုးသား စာပေဆု စာပဒေသာ ဘာသာရပ်တွင်နှစ်လေးဆယ် ဘဝမှတ်တိုင်များ စာအုပ်ဖြင့် အမျိုးသား စာပေဆု ဆွတ်ခူးရရှိခဲ့သော စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ)။

ဓာတ်ပုံ– ခင်မောင်ဝင်း (ကြေးမုံ)

မှတ်တမ်းစာ ရသစာတမ်းရေးပါတယ်၊ ဆုရတဲ့ဆောင်းပါးဆုကတော့ ရသသဘောပါတဲ့အတ္ထုပ္ပတ္တိဆိုပါစို့၊ ဒီစာမျိုးကလည်းကျွန်တော်ရေးတဲ့စာ၊ နောက်တစ်မျိုးက အမျိုးသားစာပေဆုရတာဖြစ်လို့ ဝမ်းသာပါတယ်။

ကျွန်တော့်ဇနီးနှင့် ကျွန်တော့်သမီးကလည်း စာပေရေးသားမှုကို အားပေးပါတယ်၊ သူတို့ကိုယ်တိုင်ကလည်း အမျိုးသားစာပေဆုရဖို့ထက်သန်နေကြပါတယ်၊ အမျိုးသားစာပေဆုဆိုတာ ပြိုင်ပွဲဝင်ပြီးတော့ပေးတာမျိုးလည်း မဟုတ်ဘူး၊ ထွက်ထားတဲ့စာအုပ်တွေထဲက အသင့်တော်ဆုံး၊ အကောင်းဆုံးရွေးပေးတဲ့ စာပေဆုပဲလို့ ဇနီးကရောသမီးကပါ တောင့်တကြပါတယ်။

ကျွန်တော်လည်းတစ်သက်လုံးစာရေးနေတော့ ဒီလိုဆုမျိုးရတာ ကိုယ့်ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုတာဆိုတော့ ဝမ်းသာပါတယ်၊ မိသားစုဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ဒီစာအုပ်ဟာ အမျိုးသားစာပေဆုရပါတယ်၊ မျှော်လင့်မထားပါဘူး၊ အင်မတန်ရေးချင်နေတဲ့ ကိုယ့်ဘဝ အကြောင်းလေးတွေ ရေးတဲ့စာဟာ အသိအမှတ်ပြုခံရလို့ အင်မတန်ဝမ်းသာပါတယ်။

မနှစ်က ဂုဏ်ထူးဆောင်ပါရဂူ၊ ဒီလစ်ဘွဲ့ရထားပါတယ်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ပါမောက္ခဌာနမှူးပါ၊ ရန်ကုန်တက္ကသိုလ်က ဆရာကြီး ဦးလင်းတို့ကို ချီးမြှင့်သလို ပြန်လည်ချီးမြှင့်ပါတယ်။

ယနေ့ခေတ် စာအုပ်ဆိုင်များတွင်ကြည့်ရာမှာ အရင်တုန်းက နှစ်သက်စွဲလမ်းခဲ့တဲ့ စာကောင်းပေမွန်တွေ စာရေးဆရာကြီးတွေရဲ့ ရသ၊ သုတ စာကောင်းပေမွန်တွေ အကြိမ်ကြိမ်ပြန်ထွက်နေတာကို တင့်တင့် တယ်တယ် တွေ့ရတော့ သိပ်ဝမ်းသာပါတယ်၊ ဒီစာအုပ်တွေထွက်နေတာဟာ စာဖတ်ပရိသတ်ရှိလို့ဖြစ်ပါတယ်၊ ဒီစာအုပ်တွေဖတ်နေတဲ့ လူငယ်ပရိသတ် အင်အားမသေးဘူးလို့ စိတ်ထဲမှာထင်မှတ်မိပါတယ်ဟု။

အလိမ္မာစာမှာရှိဆိုသော စကားကို အလေးအနက်ယုံကြည်ပါတယ်၊ ကောင်းတဲ့အလုပ်လို့ ယုံကြည်ပါတယ်၊ စာဆိုတာ ဖတ်တဲ့အခါမှာ စာထဲမှာပါတဲ့ အသိရရင်နှင့် စာပေဖတ်သူဟာ နုရာမှရင့်လာပြီး စာပေကြောင့်ရလာတဲ့ အသိဟာ ကိုယ့်ဘဝကို အထောက်အပံ့ပြုပြီးတော့ တိမ်းစောင်းလမ်းချော်သွားအောင် မလုပ်နိုင်ဘူးလို့ စိတ်ထဲမှာ စွဲစွဲမြဲမြဲယုံကြည်ပါတယ်ဟု ဆက်လက်ပြောကြားသည်။

ဘာသာပြန်သုတ

၂၀၀၂ခုနှစ် အမျိုးသားစာပေ ဘာသာပြန်(သုတ)ဆုကို **တတိယကမ္ဘာမှ ပထမကမ္ဘာသို့** စာအုပ်ဖြင့် ရရှိသော စာရေးဆရာ ဟိန်းလတ်အား တွေ့ဆုံမေးမြန်းပါသည်။

ကြေးမုံ။ ။အမျိုးသားစာပေဆုမှာ ဘာသာပြန်(သုတ)ဆု ရတာနှင့်ပတ်သက်၍ ဘာတွေပြောချင်ပါသလဲ။

ဆရာဟိန်းလတ်။ ။ပထမပြောချင်တာက စာအုပ်ကို BIG က ရပါတယ်၊ စာအုပ်ကိုအမြန်ဆုံးဘာသာပြန်ပေးရန်ပြော၍ ဘာသာပြန်ပါတယ်၊ ကျွန်တော်လည်း ကြိုက်ပါတယ်၊ ဘာကြောင့်ကြိုက်သလဲဆိုရင် နိုင်ငံရေးအတ္ထုပ္ပတ္တိတွေ ဝါသနာပါတယ်၊ ရေးတာလည်းဝါသနာပါတယ်၊ ဖတ်တာလည်း ဝါသနာပါတယ်၊ ကျော်ကြားထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ဘယ်လိုအဆင့်ဆင့်ကြိုးစားရုန်းကန်ပြီး အောင်မြင်မှုရလာသလဲဆိုတာကို လူငယ်တွေအတုယူစေချင်တယ်၊ လူငယ်တွေဖတ်စေချင်တယ်၊ ကြိုးစားစေချင်တယ်၊ အဲဒါကြောင့်နိုင်ငံရေးအတ္ထုပ္ပတ္တိတွေဘာသာပြန်ပါတယ်၊ ကျွန်တော်၁၉၆၇ခုနှစ်ကစပြီး စာရေးတာ လုံးချင်းစာအုပ် ၅၅အုပ်ရှိပါပြီ၊ ဒီစာအုပ်က အုပ်၅၀မြောက်ဖြစ်ပါတယ်၊ ကျွန်တော်က စာကြည့်တိုက်လုပ်လိုက်၊ စာရေးလိုက်နှင့် စာပေနယ်မှာပဲ ကျင်လည်နေပါတယ်၊ လုပ်တတ်တာလည်း ဒါပဲရှိတယ်၊ စာပေနှင့် ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ လူမျိုး၊ဘာသာ၊ သာသနာကို အကျိုးပြုချင်လို့ စာတွေရေးပါတယ်၊ အခုလည်းရေးတယ်၊ နောက်လည်း ရေးပါဦးမယ်။

ကျွန်တော်က ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ တာဝန်ယူပြီး လုပ်နေရတော့ အမြဲတမ်း ဆက်စပ်နေပါတယ်၊ ဒီစာအုပ်မျိုးကို ကျွန်တော်အားလုံးအတွက် သင့်လျော်မယ်၊ အတုယူဖို့ကောင်းတယ်ဆိုပြီးရေးတယ်၊ အဲဒါကို စာအုပ်ဝယ်တဲ့ ပရိသတ်ကလည်း မမျှော်မှန်းနိုင်အောင်၊ လက်ကျန်မရှိအောင်ဝယ်ပါတယ်၊ ဆိုင်တွေမှာလည်း မရှိပါဘူး၊ ကျွန်တော့်မှာလည်း လက်ကျန်မရှိပါဘူး၊ အခု အမျိုးသားစာပေဆုရတယ်ဆိုမှ ပြန်ရိုက်ဖို့အစီအစဉ်ရှိပါတယ်၊ နိုင်ငံတော်က ဆုချီးမြှင့်တာ ဂုဏ်ယူဝမ်းမြောက်ပါတယ်။

ကျွန်တော် ဘာသာပြန်စာအုပ်သာမက စာတောအလယ်မှာဆိုတဲ့ စာပေလောကမှာ ကျင်လည်ခဲ့တဲ့ အကြောင်းရေးပါတယ်၊ ၂၀ရာစု အနောက်တိုင်းစာပေ ဘာသာပြန်ပါတယ်၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများပုဂ္ဂိုလ် အတ္ထုပ္ပတ္တိ ဘာသာပြန်ပါတယ်၊ ကဗျာရေးပါတယ်၊ ဆောင်းပါးရေးပါတယ်၊ ၁၂ နှစ်တိုင်တိုင်လုပ်ခဲ့သော စာရေးဆရာများနှင့် တွေ့ဆုံခြင်းကို မဟေသီမဂ္ဂဇင်းမှာ စာရေးဆရာပေါင်း ၁၁၀ဦး ကျော်သွားပြီ၊ ခုလည်း ဆက်လုပ်တုန်းပါပဲ၊ ဘာသာရေးစာတွေလည်းရေးပါတယ်၊ နိုင်ငံရေး၊ သိပ္ပံရော၊ ရသရော အကုန်ဝါသနာပါတော့ လိုက်ရေးပါတယ်။

ဆရာဟိန်းလတ်၏ အမည်ရင်းမှာ ဦးမောင်မောင်ဦးဖြစ်ပြီး အမှတ် ၄၇/၁၀၈ လမ်း မင်္ဂလာတောင်ညွန့်တွင် နေထိုင်သည်။ ပေါ်ပြူလာဂျာနယ်တွင် အယ်ဒီတာချုပ် တာဝန်ထမ်းဆောင်နေသည်။

ဝတ္ထုရှည်ဆု

၂၀၀၂ခုနှစ် အမျိုးသားစာပေဝတ္ထုရှည်ဆုကို **ဆဋ္ဌဂံ** ဝတ္ထုဖြင့် စာရေးဆရာမ မစန္ဒာက ရရှိခဲ့သည်။ မစန္ဒာသည် စာရေးဆရာကြီး မန်းတင်၏ သမီးဖြစ်ပြီး ၁၉၄၇ခုနှစ်တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဒေါ်ချိုချိုတင် ဖြစ်သည်။

ဆရာမ မစန္ဒာသည် ၁၉၆၅ခုနှစ်မှစ၍ မဂ္ဂဇင်းဝတ္ထုတိုလေးများဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၂ခုနှစ်တွင် **ငယ်သူမို့မသိပါ** လုံးချင်းဝတ္ထုကို စတင်ရေးသားခဲ့ရာ ယခုအချိန်အထိ မဂ္ဂဇင်း၊ ဝတ္ထုအတို၊ အရှည် ၁၀၀ ကျော်၊ ဝတ္ထုလတ်နှစ်ပုဒ်၊ လုံးချင်းဝတ္ထု ၁၃အုပ်ရေးသားခဲ့ပြီးဖြစ်သည်။ ယခုအမျိုးသားစာပေဆုရရှိခဲ့သော **ဆဋ္ဌဂံ** ဝတ္ထုမှာ ၁၃အုပ်မြောက်ဖြစ်ပြီး ၁၉၉၄ခုနှစ်တွင် **ဘဝအိပ်မက်၊ ပန်းအိပ်မက်** ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်ဆုကို စတင်ရရှိခဲ့သည်။

မစန္ဒာ၏ ဝတ္ထုတိုများ(၃)ဖြင့် ၁၉၉၉ခုနှစ်တွင် ဒုတိယအကြိမ် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ ဆရာမ မစန္ဒာ ရေးသားပြီးခဲ့သော ဝတ္ထုတိုနှင့် လုံးချင်းအချို့ကို အင်္ဂလိပ်၊ ဂျပန်၊ ရုရှား၊ ဂျာမန်နှင့် ထိုင်းဘာသာများသို့ ပြန်ဆိုခဲ့သည်။ ၁၉၇၁ခုနှစ်တွင် ရန်ကုန် စက်မှုတက္ကသိုလ်မှ ဗိသုကာဘွဲ့ကို ရရှိခဲ့သည်။ ဆရာမ မစန္ဒာသည် စာပေရေးသားခြင်းကို အထူးဦးစားပေးမွေ့လျော်သူဖြစ်သည်။

ယခုအမျိုးသားစာပေဆုရရှိသော**ဆဋ္ဌဂံ** ဝတ္ထုမှာ ကွဲပြားခြားနားသော စရိုက်တို့ဖြင့် မတူညီသောပတ်ဝန်းကျင်ထဲတွင် လှုပ်ရှားနေကြသော ကိုယ်ဝန်ဆောင် အမျိုးသမီးခြောက်ဦး၏အကြောင်းကို ရေးသားဖွဲ့ဆိုထားသည်။ မိခင်ကောင်းအမျိုးသမီးတို့၏ ဘဝအခြေသောကနှင့် အန္တရာယ်အသွယ်သွယ်တို့ကို စာနာသော စိတ်ဖြင့်ခံစားပြီး ဝတ္ထုကိုရေးဖွဲ့ထားသည်။

ဆရာမ မစန္ဒာက “တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပေးအပ်သော အမျိုးသားစာပေဆု ရရှိခဲ့ခြင်းဖြစ်၍ အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါကြောင်း၊ စာရေးဆရာအများစုသည် ငွေကြေးရရှိမှုထက် နိုင်ငံအကျိုးပြုရေးကိုသာ ဦးတည်ရည်ရွယ်ချက်ထားသူများဖြစ်၍ ထိရောက်သောဂုဏ်ပြုမှုနှင့် အသိ

စီးပွားကူးသန်း ရှေ့သို့လှမ်း

လူငယ်များကိုအကျိုးပြုရန် ကြိုးပမ်းရေးသားခဲ့ - ရေနံ့မြေမောင်မောင်ကြည်

နောက်တစ်ကြိမ် လွတ်လပ်ရေးမဆုံးရှုံးဖို့ ရည်ရွယ် - မကြန်

ရိုးရာယဉ်ကျေးမှုကို ကလေးများနားလည်ရန် ထည့်သွင်းထား - မင်းရွှေမင်း (အင်းစိန်)

မျက်စိရောဂါအကြောင်းကို ပြည်သူများ အထိအတွေ့နည်း - ဒေါက်တာထွန်းအောင်ကျော် (မျက်စိ)

အမှတ်ပြုခြင်းကို များစွာ တန်ဖိုးထားကြကြောင်း၊ "ဆဋ္ဌဂံ"ဝတ္ထုထွက်ပြီးသည့် အချိန်ကတည်းက စာဖတ်သူများအကြိုက် ဆုပေးထားခြင်း ခံခဲ့ရသော်လည်း အမျိုးသားစာပေဆုကို မဝံ့မရဲ မျှော်လင့်ခဲ့မိပါကြောင်း။

ယနေ့ စာပေနယ်တွင် ဝတ္ထုတိုတွေ အလွန်ကောင်းကြောင်း၊ ဝတ္ထုရှည်က အားနည်းနေသေးကြောင်း၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်မှာ ဝတ္ထုတို ရေးသူတွေ များပြားလာပြီး အတွေးအခေါ်နှင့် အရေးအသားတို့မှာ စူးစူးရှရှ လင်းလင်းလက်လက်ရှိကြောင်း၊ ယခုအခါ သုတစာပေများကို လူငယ်များက နှစ်ခြိုက်စွာဖတ်ရှုပြီး လေ့လာမှုများအားပြုလာသည့်အတွက် ဝမ်းသာမိကြောင်း။ သုတစာပေများ၏ အကျိုးကျေးဇူးကြောင့် ယနေ့လူငယ်များ ကမ္ဘာ့ရေးရာမှာ အမြင်ကျယ်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်က စာပေပညာရှင်များကို အသိအမှတ်ပြု ချီးမြှောက်ခြင်းဖြင့် မိမိတို့မှာ များစွာ အားတက်မိကြောင်းဖြင့် ကြေးမုံသို့ ပြောကြားခဲ့သည်။ ဆဋ္ဌဂံဝတ္ထုကို ပါရမီစာပေမှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆု လူငယ်စာပေ ဘာသာရပ်တွင် ပန်းပွင့်ကလေးများ မွေးပါသည် လက်ရွေးစင် လူငယ် ဝတ္ထုတိုများ စာအုပ်ဖြင့် အမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သော စာရေးဆရာ ရေနံ့မြေ မောင်မောင်ကြည်။

(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

လူငယ်စာပေဆု

"ပန်းပွင့်ကလေးများ မွေးပါသည်" လက်ရွေးစင် လူငယ်ဝတ္ထုတိုများဖြင့် ၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေ (လူငယ်စာပေ)ဆုကို ရရှိသွားသည့် ရေနံ့မြေမောင်မောင်ကြည်သည် ၁၉၆၁ခုနှစ်တွင် နတ်ရှင်နောင်မဂ္ဂဇင်း၌ ကဗျာစတင်ရေးသားခဲ့သူဖြစ်သည်။ ကျောင်းသားဘဝကပင် စာပေရေးသားခြင်းကို ဝါသနာထုံခဲ့ပြီး ၁၉၆၄ခုနှစ်ပင် ချိုတေးသံမဂ္ဂဇင်းတွင် ဂီတနက်သန်ကို စောညိန်းဆောင်းပါးကို စတင်ရေးသားခဲ့သည်။

ဝတ္ထုတိုများကို ၁၉၆၈ခုနှစ် ဖေဖော်ဝါရီလတွင် မြဝတီ၌ စတင်ရေးသားခဲ့ပြီး မြဝတီမဂ္ဂဇင်းတွင် နေ့စားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် စာပြင်ဆရာ၊ လက်ထောက်အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ရာ ယခုအချိန်တွင် မြဝတီစာပေတိုက် ငွေတာရီမဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဆရာရေနံ့မြေ မောင်မောင်ကြည်သည် ဝတ္ထုနှင့် ဆောင်းပါးများကိုသာ အဓိက ရေးသားသူဖြစ်ပြီး ပထမဆုံးအကြိမ် ထုတ်ဝေသော ဝတ္ထုတိုပေါင်းချုပ်များဖြင့် လူငယ်စာပေဆုကို ပထမဆုံးအကြိမ်ရရှိသော အမျိုးသားစာပေဆုရှင်ဖြစ်သည်။

ဆရာရေနံ့မြေမောင်မောင်ကြည်သည် လူငယ်များအတွက် သီးသန့်ရေးသားထားသော ဝတ္ထုတိုပုဒ်ရေ ၂၀၀ကျော် ရေးသားခဲ့ပြီးဖြစ်သည်။ အရင်းအနှီးများပြီး၊ အရဲစွန့်ပြီး ထုတ်ဝေပေးခဲ့သည့် မြတ်ပန်းရဂုံ စာပေကိုလည်း အထူးကျေးဇူးတင်မိကြောင်း ကြေးမုံသို့ ပြောကြားသည်။

ဆရာရေနံ့မြေမောင်မောင်ကြည်က "စာပေလောကကြီးအတွက် နိုင်ငံတော်က အမြင့်ဆုံးသတ်မှတ်ပြီး ဆုချီးမြှင့်သည့် အမျိုးသားစာပေဆုကို ချီးမြှင့်ခြင်းခံရသည့်အတွက် များစွာ ဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် အလိုချင်ဆုံးအရာဖြစ်၍လည်း ပို၍ တန်ဖိုးထားမိပါကြောင်း၊ မိမိဘဝအတွက် အထွတ်အမြတ်ထားရမည့် ဘဝမှတ်တိုင်တစ်ခုအဖြစ်လည်း ခံယူမိပါကြောင်း။

စာပေသမားများ၏ အကြီးမားဆုံးသော ဆုလာဘ်ကြီးလည်းဖြစ်ကြောင်း၊ ယခုဆုရရှိသည့် လူငယ်များအတွက် ရည်ရွယ်သည့် ဝတ္ထုတိုများသည် မိမိကိုယ်တွေ့နှင့် ပတ်ဝန်းကျင်မှ အဖြစ်အပျက်မှန်များကို ရေးဖွဲ့ထားခြင်း ဖြစ်ကြောင်း၊ မိမိငယ်စဉ် ကျောင်းသားဘဝက အတွေ့အကြုံများကို အခြေခံ၍ ရေးသားထားခြင်းဖြစ်ပြီး လူငယ်များအတွက် အကျိုးပြုနိုင်ဖို့ မိမိ ကြိုးပမ်းရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မိမိ၏စေတနာကို နိုင်ငံတော်ကပါ အသိအမှတ်ပြုခြင်းခံရသည့်အတွက် မိမိ ကြိုးပမ်းရကျိုးနပ်ပြီဖြစ်ကြောင်း" စသည်ဖြင့် ကြေးမုံသို့ ပြောကြားသွားသည်။

ရေနံ့မြေမောင်မောင်ကြည်မှာ ချောက်မြို့ဇာတိဖြစ်ပြီး ဦးလှမောင်-ဒေါ်တင်အေးတို့၏ တစ်ဦးတည်းသောသား ဖြစ်သည်။ ဇနီး ဒေါ်ဖြူဖြူနှင့် သားသမီးငါးဦးတို့၏ ဖခင်ဖြစ်ပြီး ၁၆၀/၂ ကောက်လျှင်လမ်းသွယ်(၁)၊ သုဝဏ္ဏတွင် နေထိုင်လျက်ရှိပြီး စာပေရေးသားမှုအတွက် လက်ဦးဆရာများမှာ ဆရာဦးဌေးမောင်၊ ဦးလေးမြိုင်နှင့် ချစ်နိုင်(စိတ်ပညာ) တို့ ဖြစ်ကြောင်း သိရသည်။

သုတပဒေသာ(ဝိဇ္ဇာ)ဆု

ကြေးမုံသတင်းအဖွဲ့သည် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ)ဆုရရှိသူ ဒေါ်ကြန်ကို သွားရောက်တွေ့ဆုံခဲ့သည်။ ဆရာမကြီးဒေါ်ကြန်က သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများကို ရေးသားခြင်းနှင့်ပတ်သက်ပြီး "ကျွန်မတို့အနေနှင့် ဘာကြောင့် လွတ်လပ်ရေး ဆုံးရှုံးသွားရတယ်ဆိုတဲ့ ပျော့ကွက်ဟာကွက်၊ အားနည်းချက်တွေကို သမိုင်းကို လေ့လာရင်းနှင့် တွေ့ရှိရတယ်။ အဲဒီလိုတွေ့ရှိလာတော့ ပြည်သူအများကို တင်ပြချင်လာအောင်၊ တင်ပြချင်တဲ့အတွက်ကြောင့်ပဲ ကျွန်မအနေနှင့် သမိုင်းအချက်အလက်တွေကို ကြိုးစားပြီး ရှာဖွေခဲ့တယ်၊ အဲဒီလို ရှာဖွေတဲ့နေရာမှာ တာဝန်အရရော၊ ကိုယ်ကိုယ်တိုင်ကရော ဝါသနာပါလာပြီး ရှာဖွေခဲ့တာပါပဲ၊ သမိုင်းရှာပုံတော်ခရီးကို ပထမဦးစွာ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

အဲဒီဆောင်းပါးများထဲက သမိုင်းဆောင်းပါး စာတစ်စောင်ဖြစ်ဖို့အတွက် စာအုပ်တစ်အုပ်ဖြစ်ဖို့အတွက် ဘယ်လောက်ကြိုးစားရတယ်။ ဘယ်လောက် ရှာဖွေရတယ်၊ ဘယ်လောက်ခက်ခဲတယ်၊ ပင်ပန်းတယ်ဆိုတာကို ဖော်ပြထားပါတယ်၊ အဲဒီမှာဖော်ပြခဲ့တဲ့ ကောင်းနိုးရာရာ ဆောင်းပါးအပုဒ် ၅၀ကို စုစည်းပြီး အခုစာအုပ်ကို ထုတ်ဝေလိုက်ရခြင်းပါပဲ၊ အကြောင်းအရာတွေကတော့ အစုံပါ။ ခေတ်ကလည်း ကိုလိုနီခေတ်၊ ဂျပန်ခေတ် စသည်ဖြင့်ပေါ့။

ဒီဆောင်းပါးတွေ ရေးရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ တို့နောက်ထပ်တစ်ကြိမ် လွတ်လပ်ရေး မဆုံးရှုံးစေရအောင် သတိထားရတယ်၊ လွတ်လပ်ရေး ဆုံးရှုံးသွားရတဲ့အတွက် ဘယ်လောက်နစ်နာတယ်၊ လွတ်လပ်ရေးဆုံးရှုံးရတာကလည်း ကိုယ့်ဘက်မှာလည်း ပျော့ကွက်၊ ဟာကွက်၊ ညံ့ကွက်ရှိတဲ့ အတွက်ကြောင့် ဆုံးရှုံးသွားရတာတွေကို လူတွေ သတိထားနိုင်အောင်၊ မြင်လာအောင် ကျွန်မအနေ နှင့် ဒီဆောင်းပါးတွေကို ရေးထားရခြင်းပါပဲ။

အမျိုးသားစာပေဆုကို အခုရတာကတော့ ဒုတိယအကြိမ်ပါ၊ ပထမအကြိမ်ရတဲ့ စာအုပ်ကတော့ 'မြန်မာနိုင်ငံအခြေအနေ ၁၈၈၅-၈၆' ဆိုတဲ့ စာအုပ်နဲ့ရခဲ့တာပါ၊ အဲဒီစာအုပ်ကတော့ သီပေါမင်းပါတော်မူစ အခြေအနေကို ရေးခဲ့တာပါ။

ကျွန်မအနေနှင့် ဒီနှစ်ဆုရတဲ့စာအုပ်နှင့်ပတ်သက်ပြီး အထူးပြောလိုတာကတော့ ကျွန်မ စာအုပ်ကို အမှာစာရေးပေးတာက စာရေးဆရာကြီး ဆရာတိုက်စိုးပါ၊ မျက်နှာဖုံးပန်းချီကတော့ ဆရာစံတိုးဖြစ်ပါတယ်၊ အဲဒီစာအုပ်ဖြစ်မြောက်ဖို့အတွက် ဝိုင်းဝန်းကူညီပေးကြတဲ့ အဲဒီဆရာနှစ်ယောက်စလုံး ကွယ်လွန်သွားကြပါပြီ။ အဲဒီဆရာကြီးနှစ်ယောက်စလုံးကိုလည်း အထူး သတိတရ ကျေးဇူးတင်မိပါကြောင်း ပြောကြားလိုပါတယ်"ဟု ကြေးမုံသို့ ပြောကြားသည်။

ကလေးစာပေဆု

ကြေးမုံသတင်းအဖွဲ့သည် အမျိုးသားစာပေဆု 'မောင်လူမွေးနဲ့ မပန်းမှုန်' ကလေးကဗျာများဖြင့် ကလေးစာပေဆုရရှိသူ မင်းရွှေမင်း(အင်းစိန်)ကိုလည်း သွားရောက်တွေ့ဆုံခဲ့ရာ ဆရာမင်းရွှေမင်း(အင်းစိန်)က "ကျွန်တော့်အနေနှင့် ကဗျာများကို ၁၉၇၄ခုနှစ် အဋ္ဌမတန်းကျောင်းသားဘဝကတည်းက စတင်ရေးသားခဲ့ပါတယ်၊ ဇာတိကတော့ ရခိုင်ပြည်နယ်ကပါ၊ ကဗျာ စရေးတော့ အထက(၂) အင်းစိန်မှာ ကျောင်းတက်နေစဉ်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကဗျာနှင့် ဝတ္ထုတိုကို စတင်ရေးသားခဲ့တာဖြစ်ပါတယ်၊ ညီသစ်ဆင်း၊ မောင်ကိုဦး စသည်ဖြင့် ကလောင်ခွဲတွေနဲ့လည်း ရေးသားခဲ့ပါတယ်၊ ကဗျာပေါင်းချုပ်ကိုတော့ ၂၀၀၀ပြည့်နှစ်မှာ "စားမြိန်ဆက်ထုပ်၊

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆု ကလေးစာပေ ဘာသာရပ်တွင် မောင်လူမွေးနဲ့ မပန်းမှုန် ကလေးကဗျာများ စာအုပ်ဖြင့် အမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သော စာရေးဆရာ မင်းရွှေမင်း (အင်းစိန်)။

ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)

စာတစ်အုပ်"ဆိုပြီး ထုတ်ဝေခဲ့ဖူးပါတယ်၊ လူကြီးကဗျာလို့ ဆိုရမှာပေါ့၊ ၂၀၀၂ ခုနှစ်မှာတော့ အခု "မောင်လူမွေးနဲ့ မပန်းမှုန်"စာအုပ်ကို ထုတ်ဝေခဲ့တာပါပဲ၊ ဒီကဗျာကလေးတွေကလည်း စာစောင်၊ မဂ္ဂဇင်းတွေမှာပါခဲ့တဲ့ ကဗျာကလေးတွေကို စုပေါင်းထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။

အခုတော့ ကျွန်တော့်အနေနှင့် မမျှော်လင့်ဘဲ အမျိုးသားစာပေဆုကို ရခဲ့တာပါပဲ၊ ဒီစာအုပ်ကလေးကိုလည်း သူများတွေ ထုတ်ဝေခဲ့ကြတဲ့ စာအုပ်တွေနှင့်မတူအောင် ကဗျာအပုဒ်တိုင်းမှာ သရုပ်ဖော်ပုံကလေးတွေကို ထည့်သွင်းဖော်ပြထားပါတယ်၊ နောက် အင်္ဂလိပ်ဘာသာကိုလည်း ဦးမျိုးမြင့်သောင်း (စာပေဗိမာန်)က ဘာသာပြန်ပေးပါတယ်။

အကြောင်းအရာစုံအောင်လည်း ကျွန်တော့်အနေနဲ့ကြိုးစားထားပါတယ်။ ယခင်ယခင်က ထုတ်ဝေခဲ့တဲ့ ကလေးကဗျာစာအုပ်တွေမှာ ပါခဲ့ကြတဲ့ အကြောင်းအရာတွေနှင့်လည်း မထပ်အောင် ကြိုးစားထားပါတယ်။

အခုလို အမျိုးသားစာပေဆုရတဲ့အတွက်တော့ နိုင်ငံတော်ကိုရော၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်များကိုရော အထူးကျေးဇူးတင်တယ်လို့ ပြောလိုပါတယ်။

ကလေးတွေကို လိမ္မာယဉ်ကျေးပြီး ကျောင်းသင်ပညာများလည်း အထောက်အပံ့ဖြစ်နိုင်တဲ့ အကြောင်းအရာကလေးတွေ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေ ကလေးများ သိရှိနားလည်အောင်လည်း ထည့်သွင်းထားပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

သုတပဒေသာ(အသုံးချသိပ္ပံ)ဆု

၂၀၀၂ခုနှစ် အမျိုးသားစာပေဆုကို သုတပဒေသာ(အသုံးချသိပ္ပံ)ဆုအတွက် "မျက်စိကျန်းမာ လူချမ်းသာ" စာအုပ်ဖြင့် ဆုရရှိခဲ့သူ ဆရာဒေါက်တာ

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဘာသာရပ်တွင် မျက်စိကျန်းမာလူချမ်းသာစာအုပ်ဖြင့် အမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သော စာရေးဆရာ ဒေါက်တာထွန်းအောင်ကျော် (မျက်စိ)။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ထွန်းအောင်ကျော်အား ဆရာနေထိုင်ရာ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဇီးအုန်ကုန်းလမ်း အမှတ်-၁၀၅(ခ)သို့ ကြေးမုံက သွားရောက်တွေ့ဆုံရာ ဆရာဒေါက်တာထွန်းအောင်ကျော်က 'ကျွန်တော့်အနေနဲ့ မျက်စိပညာပေးဆောင်းပါးကို ၁၉၇၆ခုနှစ်က စတင်ရေးသားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၆ ခုနှစ်မှာ ကျန်းမာရေးနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံးရှိ လူများ အသိပညာတိုးအောင်လို့ဆိုပြီးတော့ 'အသိနှင့်ယှဉ်မျက်မမြင်တား' ဆိုတဲ့ခေါင်းစဉ်နှင့် မျက်စိကွယ်ရတဲ့အကြောင်းရင်းတွေကို ဖော်ပြတဲ့ စာအုပ်ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အဲဒီအချိန်မှာ ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာန မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှာ အလုပ်လုပ်နေတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း မျက်စိနှင့်ပတ်သက်တဲ့ ပြည်သူအများ သိသင့်သိထိုက်တဲ့ မျက်စိဆောင်းပါးတွေ တော်တော်များများရေးသားပြီး ပြည်သူလူထုကိုတင်ပြခဲ့ပါတယ်။

တင်ပြရတဲ့ သဘောကလည်း မျက်စိရောဂါအကြောင်းကို ပြည်သူများအနေနှင့် အထိအတွေ့နည်းပြီး သိတဲ့လူကလည်း တော်တော်နည်းပါးနေတာကို တွေ့ရပါတယ်။ အဲဒီလို အသိပညာနည်းပါးမှုကြောင့်ပဲ မျက်စိမကွယ်သင့်ဘဲ ကွယ်သွားရတဲ့ လူတွေတော်တော်များများကို ဆရာဝန်တစ်ယောက်အနေဖြင့် တွေ့ရှိခဲ့ရပါတယ်၊ ဒါကြောင့် ဒီလိုကိစ္စမျိုးတွေ နောင်မဖြစ်ရလေအောင် ကျွန်တော်တို့အနေနှင့် မျက်စိရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးပညာဗဟုသုတ ဖြန့်ဖြူးပေးမယ်ဆိုလို့ရှိရင် ပြည်သူလူထုအနေနှင့် မျက်စိရောဂါဖြစ်ပွားတာကို ကာကွယ်နိုင်မယ်၊ မဟုတ်တဲ့ဆေးတွေ မသုံးလို့ရှိရင် မျက်စိကွယ်တာတွေက ကာကွယ်နိုင်မယ်။ ရေတိမ်လိုရောဂါမျိုး ခံစားနေရပြီး ကိုက်တယ်၊ မှုန်တယ်ဆိုလျှင် ဆေးရုံ၊ ဆေးခန်းကို သွားရောက်ပြနိုင်တဲ့ အသိဉာဏ်ရှိလာမယ်။

အသေးအမွှားမျက်စိနာ မျက်ကြည်လွှာ ထိခိုက်မိတာကစပြီး ဂရုမစိုက်လျှင် မျက်စိကွယ်တတ်တာတွေက အစပြု၍ လူအများသိအောင် ဆောင်းပါးတွေရေးပြီး ပညာပေးခဲ့ပါတယ်။

ပြည်သူတွေလည်း လိုက်နာနိုင်မယ်၊ တစ်ဆက်တည်း ထိရောက်မှုရှိမယ်၊ မျက်စိလည်း မကွယ်တော့ဘူးပေါ့၊ အဲဒီနောက်လည်း ကြိုးကြားကြိုးကြား မျက်စိပညာပေး ဆောင်းပါးတွေကို ရေးသားခဲ့ပါတယ်၊ ဥပမာ အတွင်းတိမ်ဆိုပါတော့ အတွင်းတိမ်ရောဂါ ဖြစ်တဲ့အခါ ခေတ်မီဆေးပညာနည်းနှင့်မဟုတ်ဘဲ ဆေးမြီးတို ကုနေတာတွေရှိနေတာကို တွေ့နေရပါတယ်၊ ဒါကြောင့် မျက်စိကွယ်ကြတဲ့ လူတွေတော်တော်များလာတာ တွေ့နေရတဲ့ သက်ဆိုင်ရာ လူကြီးများအနေနှင့်လည်း ဒီကိစ္စတွေကို သိရှိသွားကြပါတယ်၊ အဲဒီအခါမှာ ကျွန်တော်တို့အနေနဲ့ အတွင်းတိမ်ဖြစ်တဲ့အခါမှာ နိုင်ငံတော်က ဖွင့်ထားတဲ့ မျက်စိဆေးရုံတွေမှာ မည်သို့မည်ပုံ ကုသပေးနေတာကို မျက်စိရောဂါမကုမီ ဆီးချိုရောဂါ ရှိမရှိ စစ်ဆေးတယ်၊ မျက်စဉ်းခပ်ရတယ် စသည်ဖြင့် ပညာပေးဆောင်းပါးတွေ ရေးခဲ့ပါတယ်၊ ဆရာဝန်များအနေဖြင့် ခွဲတဲ့အခါမှာ ထုံဆေးတွေပေးပြီး ခွဲတယ်၊ ပိုးသတ်ထားတဲ့ အဝတ်အစားတွေ ဝတ်ဆင်ရတယ်၊ မျက်စိဆေးရုံတွေမှာ ရောဂါရှင်တွေကို ဒီလိုစောင့်ရှောက်မှုတွေ၊ ကုသမှုတွေ ပေးနေတယ်ဆိုတာကို တင်ပြခဲ့ပါတယ်။

ကြေးမုံသတင်းစာထဲမှာ ကျွန်တော့်ရဲ့ဆောင်းပါး တော်တော်များများ ဖော်ပြဖူးပါတယ်၊ ခွဲတယ်စိတ်တယ်ဆိုတာဟာ ဓားကိုင်တတ်ရုံနှင့် ခွဲလို့စိတ်လို့ မရပါဘူး၊ ဝိသမလောဘနဲ့ လိုက်မိလျှင်လည်း မျက်စိကွယ်တတ်ပါတယ် ဆိုတာတွေကို ရေးသားတင်ပြခဲ့ပါတယ်၊ ၁၉၇၆ခုနှစ်က မျက်စိပညာပေး စာအုပ်တစ်အုပ် ထုတ်ဖူးပါတယ်၊ အဲဒါကတော့ "မျက်စိကျန်းမာရေးနှင့် အမြင်သန့်စွမ်းရေး"ဆိုတဲ့စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေပေးပါတယ်၊ အခုစာအုပ်ကတော့ ဒုတိယအကြိမ် ထုတ်တဲ့ စာအုပ်ပဲပေါ့၊ ဆေးပညာရပ်တွေ တိုးတက်လာသလို ရောဂါတွေကလည်း ဆန်းလာပါတယ်၊ အခု အိဒ်စ်ရောဂါကြောင့်လည်း မျက်စိကွယ်တတ်တာတွေကိုပါ ထပ်ထည့်ပြီး ရေးသားထားတာ ဖြစ်ပါတယ်'ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။ **(ကြေးမုံ)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ English for Everyday Use.
၄:၃၅ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၀၀ ၆။ ချစ်စရာအရွယ်ကကြိုးသွယ်
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ **အမွန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊နှင်းဥ၊မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ဒေါ်တင်တင်လှ] [ဒါရိုက်တာ-မောင်မောင်မြင့်]**
၅:၅၅ ၉။ မြန်မာစာ၊မြန်မာစကား
၆:၁၀ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Milo Success in Soccer.
၇:၁၀ ၁၄။ တေးဂီတအစီအစဉ်
၇:၂၅ ၁၅။ ရွှေလီတံတား
၇:၃၅ ၁၆။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
၂၁။ **စိန်ခြယ်ဖြာရောင်လင်း (သုမောင်၊ရူပဖိုးသောကြာ၊မေသဥ္ဇာဦး၊ခင်ပြည့်စုံ) [ဒါရိုက်တာ-သုမောင်]**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး၊ ပြည်သူ့အကျိုး

ကတုတ် မိုးကုတ်အဖွဲ့ခွဲ(၁၄၁) တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ဒိုက်ဦးမြို့နယ် ကတုတ် ကန်ညီနောင်ကျေးရွာရှိ မိုးကုတ်အဖွဲ့ခွဲ(၁၄၁)တွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို နိုဝင်ဘာ ၂၀ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းတွင် ဆရာတော် ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယ) (ကမ္မဋ္ဌာနာစရိယ)၊ နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရက ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာတရားတို့ကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တပ်မတော်(လေ)မိသားစု ဘုံကထိန်အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်တို့အား အမှူးထား၍ တပ်မတော်(လေ) မိသားစု၏ ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် တပ်မတော်(လေ) စုပေါင်းရိပ်သာ မင်္ဂလာဒုံ၌ကျင်းပရာ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) သုခိတာရာမကျောင်းဆရာတော် ဘဒ္ဒန္တပညာစက္က အမှူးပြုသော သံဃာတော် ၁၈ပါး ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများနှင့် ဇနီးများ၊ မင်္ဂလာဒုံနှင့် မှော်ဘီတပ်နယ်ရှိ လေတပ်စခန်း ဌာနချုပ်များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တပညာစက္ကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်လက်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝိပဿနာရှုပွားနည်းဟောပြောပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိ ညနေ၆နာရီမှ ၈နာရီခွဲအထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင် လည်းကောင်း၊ ၉ရက်မှ၁၅ရက်အထိ ညနေ၆နာရီခွဲမှ၈နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရ သိမ်ဖြူတော်တွင် လည်းကောင်း ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောမည်ဟု သိရသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည်ဆရာတော် တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၉

သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက မဟာစည် နယ်လှည့်ဓမ္မကထိက သာသနတက္ကသီလဓမ္မာစရိယ ဒေါက်တာအရှင် ကောဝိဒအရှင်သူမြတ်သည် နိုဝင်ဘာ ၃ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၈)ရပ်ကွက် သဒ္ဓမ္မဓပုလ္လဓမ္မာရုံ ဓမ္မသဘင်၌လည်းကောင်း၊ နိုဝင်ဘာ ၄ရက် ည၇နာရီတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောရရိပ်သာ ကျောင်းတော် ကြီး ရေစက်ချဓမ္မသဘင်၌ လည်းကောင်း၊ နိုဝင်ဘာ ၅ရက် ည ၇နာရီတွင် မုဒုံမြို့ တောင်ကလေးတောရကျောင်းတိုက်ဓမ္မသဘင်၌ လည်းကောင်း၊ နိုဝင်ဘာ ၇ရက် ည ၇နာရီတွင် ပုဇွန်တောင်ဈေး (၂၅)ကြိမ်မြောက် ငွေရတု မဟာဘုံကထိန် ဓမ္မသဘင်၌လည်းကောင်း၊ ၁၀ရက်နှင့် ၁၁ရက် ည၈နာရီတွင် သာကေတမြို့နယ် အနော်မာ ၁၇လမ်း အရှေ့ဓမ္မသဘင်၌လည်းကောင်း၊ နိုဝင်ဘာ ၁၇ရက်နှင့် ၁၈ရက် ည ၈နာရီတွင် သာကေတမြို့နယ်၊ ၃/မာန်ပြေ မာရဝိဇယ ဓမ္မသဘင်၌လည်းကောင်း၊ ၂၁ရက် ည၈နာရီတွင် သာကေတမြို့နယ် (၂)မြောက်ပိုင်း ထူပါရုံလမ်း၂၀ ဓမ္မသဘင်၌လည်းကောင်း၊ ၂၉ရက်နှင့် ၃၀ရက် ည၇နာရီတွင် ပုဇွန်တောင် ဘုရားဖြူကျောင်းတိုက် ဝိနည်းစာပြန်ပွဲ ဓမ္မသဘင်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

လူ့စွမ်းအားအရင်းအမြစ် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

Human Resource Management ဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ Grand Plaza Parkroyal တွင် ကျင်းပရာ ရန်ကုန် စီးပွားရေး တက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာ ခင်စန်းရီက လူသားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာများ၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာ ဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာကြီး ဒေါက်တာကျော်စိန်က လူ့အရင်းအမြစ်နှင့် အလုပ်ခွင်ဆိုင်ရာ စိတ်နေသဘာဝ၊ စီးပွားရေးလုပ်ငန်း ရှင်နှစ်ဦးက လူသားအရင်းအမြစ်နှင့် ဆိုင်သည့် လုပ်ငန်းခွင်အတွေ့အကြုံ များကို ဆွေးနွေးခဲ့ကြသည်။(က-ပ)

စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး ညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် အောက်တိုဘာ ၂၇ရက် မွန်းလွဲ၁နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စည်ပင်သာယာရေးဦးစီးဌာန၏ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ် သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများ၊ ပြည်နယ်၊ တိုင်းစည်ပင် သာယာရေးအဖွဲ့များမှ ညွှန်ကြားရေး မှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ် သန်းထွန်းက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ လည်း ကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေက အင်ဂျင်နီယာလုပ်ငန်း ဆိုင်ရာများနှင့် ပတ်သက်၍ လည်း ကောင်း မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးတင်ဝင်းတို့က ဦးစီး ဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက် ရန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြ သည်။ ထို့နောက် စည်ပင်သာယာရေး ဘဏ်လီမိတက် ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမျိုးဝင်းက ဘဏ်လုပ်ငန်း ဆောင်ရွက်မှုနှင့် ငွေကြေးအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့ တွင် ဆက်လက်ကျင်းပရာ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် ဝင်ငွေရရှိမှု၊ ယာဉ်ယန္တရားများအခြေအနေ၊လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈နာရီ တွင် ဆက်လက်ကျင်းပရာ စည်ပင် သာယာရေးဦးစီးဌာနနှင့် ပြည်နယ်၊ တိုင်း လုပ်ငန်းဆိုင်ရာများကို အသေး စိတ် ညှိနှိုင်းကြပြီး ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ဈေးကွက်ဂျာနယ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၉

ဆရာပုရိသနှင့် တင်သိန်း (ကြို့ပင်ကောက်)တို့၏ ပျူသမိုင်းရေးရာ အချေအတင်၊အောင်သင်း၊မောင်စူးစမ်း၊ မင်းရွှေမောင်၊ မောင်ဈေးကွက်တို့၏ ဆောင်းပါးများ၊ ပြည်တွင်းစီးပွား သတင်းစုံတို့ဖြင့် အမှတ်(၁၃၁) ၂၈လမ်း(အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၀၇၁၈၃ က ဖြန့်ချိသည့် ဈေးကွက်ဂျာနယ် အမှတ် (၃၄၂)မျက်နှာဖုံး။**(အပေါ်ပုံ)** (က-ပ)

အောက်တိုဘာ ၂၇ ရက်က သာကေတမြို့နယ် အမက(၁) ကျောင်းခန်းမတွင် အလှူရှင် ဦးအောင်ကိုဇော်-ဒေါ်အေးစန္ဒာမြိုင် သားမောင်ခန့်ဇော်(ရွှေပုစွန်) မိသားစုက ကျောင်းသား၊ ကျောင်းသူ ၅၅၀ ကျော်တို့အား (၂၁)ကြိမ်မြောက် အာဟာရ နို့ဆန်ပြုတ်တိုက်ကျွေးပြီး သင်ထောက်ကူပစ္စည်း တန်ဖိုးနှစ်သိန်း ရှစ်သောင်း ကျပ်ဖိုးကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ	ထုတ်ဝေသူ
၁	ဝတ္ထုရှည်	ဆလွှာ	မနော	ပါရမီစာပေ
၂	ဝတ္ထုတိုပေါင်းချုပ်	သစ္စာနှမ်းမဲ့ထုတည် ဝတ္ထုတိုစု	သန်းမြင့်အောင်	ရွှေမိုးမြင့်ပြည့်စာပေ
၃	ကဗျာပေါင်းချုပ်	ပထမဆုံး ကဗျာများ	ဇော်မင်းမင်းဦး	နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
၄	စာပဒေသာ	နှစ်လေးဆယ် ဘဝမှတ်တိုင်များ	မောင်ခင်မင် (ဓနုဖြူ)	ရာပြည့်စာအုပ်တိုက်
၅	ကလေးစာပေ	မောင်လူရွှင်နဲ့ မယ်နုနု ကလေးကဗျာများ	မင်းရွှေမင်း (အင်းဝိန်)	စမ်းသည်တော်စာပေ
၆	လူငယ်စာပေ	ပန်းပွင့်ကလေးများ ရွှေဝါသည့် လောင်ရွှေဆင် လူငယ်ဝတ္ထုတိုများ	ရေနံချေ မောင်မောင်ကြည်	မြတ်ပန်းရုံစာပေ
၇	ဘာသာပြန် (သုတ)	တတိယကမ္ဘာမှ ပထမကမ္ဘာသို့	ဟိန်းလတ်	Business Information Group
၈	ဘာသာပြန် (ရသ)	ကာရာမာဇော့ ညီအစ်ကိုများ	နတ်နွယ်	ချစ်ဝေရာစာပေ
၉	သုတပဒေသာ (ဝိဇ္ဇာ)	သမိုင်းရှာပုံတော်ခရီးနှင့် အခြားဆောင်းပါးများ	မကြန်	မြဝတီရာဇာစာပေ
၁၀	သုတပဒေသာ (သိပ္ပံ)	သိပ္ပံနည်းကျ ကမ္ဘာ့ဟိုင်းရုပ်ဆေး	ဒေါက်တာကျော်သန်းထွန်း (ရန်ကုန်ဆေးတက္ကသိုလ်)	ချစ်ဝေရာစာပေ
၁၁	သုတပဒေသာ (အသုံးချသိပ္ပံ)	မျက်စိကျန်းမာ လူချမ်းသာ	ဒေါက်တာလှမ်းအောင်ကျော် (မျက်စိ)	ယုံကြည်ချက်စာပေ

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ကမ္ဘောဇအိုးပင်းဂေါက်ပြိုင်ပွဲ မွှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူးကျင်းပသော မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(၂၀၀၃) (Myanmar Golf Tour 2003) ၏ တတိယပွဲစဉ် Kanbawza Open Golf Championship ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် တောင်ကြီးမြို့ အမှတ်(၂) တပ်မတော်ဂေါက်ကွင်း (အေးသာယာဂေါက်ကွင်း)၌ ကျင်းပသည်။



စတင်ကျင်းပ

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံ(၁၀) (10th TEE) ၌ နေရာယူထားကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊ M.P.G.A နှင့် M.G.F အမှုဆောင် ဦးကိုကိုလေး၊ Rothmans of Pall Mall Myanmar Pte., Ltd.မှ Regional Sales မန်နေဂျာ ဦးတင်ထွန်းဦး၊ Kanbawza Bank Ltd. တောင်ကြီးဘဏ်ခွဲ အထွေထွေမန်နေဂျာ ဦးစံမောင်နှင့် EDEN Group Co., Ltd. မှ အထွေထွေမန်နေဂျာ ဦးကျော်စိုးထွန်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီး၌ Professional Golfer's ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၀ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (Srixon)က ၇၂ချက်ဖြင့် ဒုတိယလိုက်ပြီး နန္ဒကျော် (Y.C.D.C) က ၇၃ချက်ဖြင့် တတိယလိုက်ကာ မြင့်သောင်း(K.M Golf Centre)က ၇၄ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

ဦးဆောင်

အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် ယဉ်အောင်လတ်က ၇၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ကျော်သီဟနှင့် အောင်အောင်ကျော်တို့က ၇၅ချက်စီဖြင့် ဒုတိယလိုက်ပြီး ဌေးအောင်ဌေးက ၇၆ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. ကလည်းကောင်း၊ Title Sponsorအဖြစ် KBZ Bank Ltd.ကလည်းကောင်း၊ Official Airlineအဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam(Munsing Wear) ကလည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein(Alpine) ကလည်းကောင်း၊ Official Golf Equipment Supplier အဖြစ် K.M Golf Centre၊ Maruman နှင့် Wilsonတို့ကလည်းကောင်း၊ Official Office Equipment Supplier အဖြစ် Canon ကလည်းကောင်း၊ Official Paint Supplier အဖြစ် UPGကလည်းကောင်း၊ Eden Group Co., Ltd ကလည်းကောင်း အသီးသီးပံ့ပိုး ကူညီကြသည်။

ဆက်ကျင်းပမည်

ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲကို အောက်တိုဘာ ၃၀ရက်နံနက် ၈နာရီတွင် အမှတ်(၂) တပ်မတော်ဂေါက်ကွင်း(အေးသာယာဂေါက်ကွင်း)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

တတိယပွဲစဉ်ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်းအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂၉

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် အောက်တိုဘာ ၂၆ရက်က မန္တလေးတိုင်း လူမှုဝန်ထမ်း ဦးစီးဌာနရုံး၌ မန္တလေးတိုင်းအတွင်းရှိ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည်အောက်တိုဘာ ၂၇ရက်နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာသို့ ရောက်ရှိပြီး အမျိုးသမီး စောင့်ရှောက်ရေးဌာန တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ ရောက်ရှိခဲ့ပြီး ကလေးငယ်များ၏ ကျန်းမာရေး၊ ပညာသင်ကြားနိုင်မှု၊ အလုပ်အကိုင်ရှာဖွေပေးနိုင်မှု၊ သက်သာချောင်ချိရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နားမကြားသောကလေးများကျောင်းသို့ ရောက်ရှိပြီး ကလေးများ၏ သက်မွေးပညာသင်တန်းခန်းမ၊ ကွန်ပျူတာခန်းမ၊ စာသင်ခန်းမနှင့် အိပ်ဆောင်တို့ကိုလှည့်လည်ကြည့်ရှု၍ နားမကြားသောကလေးများကျောင်း၌ အသစ်ဆောက်လုပ်မည့် နှစ်ထပ်ကျောင်းဆောင်သစ် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား အဆောက်အအုံများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးလိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

လေးနိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၂၉

ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်သည် ယနေ့မွန်းလွဲ ၂နာရီတွင် ညောင်ဦးမြို့ ပုဂံဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လေးနိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံခရီးစဉ် (Four Countries One Destination) အကောင်အထည်ဖော်ရေး၊ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေး၊ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်း ခရီးစဉ်များ ဆောင်ရွက်ရေး၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားဖူးခရီးစဉ်များ၊ သင်္ကြန်ပွဲတော်ခရီးစဉ်များ၊ ညီအစ်မမြို့တော် ခရီးစဉ်များဆိုင်ရာ ဈေးကွက်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပူးပေါင်းသုတေသနပြုလုပ်ရေး၊ သင်တန်းများ စီစဉ်ပို့ချရေးဆိုင်ရာများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းဆုပေး

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ်(၁) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)မြို့နယ် ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီမှ စတင်၍ အထက(၁) အလုံမြို့နယ် အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်ဇော်ဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများ၊ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကျောက်တံတား အလက(၁) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၆ ရက်က ယင်းကျောင်းခန်းမ၌ကျင်းပရာ သူငယ်တန်းမှ အဋ္ဌမတန်းအထိကိုးနှစ်ဆက်တိုက် ပထမဆုထူးချွန်စွာရရှိခဲ့သော မမြပန်းအိဖြူကျော်အား ကျောင်းအုပ်ဆရာကြီး ဦးအုန်းသွင်က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။ (၅၂၉)

အင်္ဂလိပ်ဘာသာရပ်နှင့် ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

AIT Training Centre ၌ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို အခြေခံမှစ၍ Professional ဖြစ်သည့်အဆင့်ထိ သင်ကြားပေးလျက်ရှိရာ ယခင် Courseများအပြင် Programming Courses နှင့် Civil Engineer များအတွက် Auto CAD သင်တန်း သင်တန်းများကိုပါ ထပ်မံဖွင့်လှစ်သင်ကြားနေသည်။ ကွန်ပျူတာသုံးစွဲမှုကို သင်တန်းချိန်ပြင်ပတွင် Practice လုပ်နိုင်ရန် အပိုစက်သုံးချိန်များစီစဉ်ထားပြီး Self-Study လုပ်နိုင်ရန် English Leaning CDs များ စီစဉ်ပေးထားသည်။ သင်တန်းတစ်ခုလျှင် သင်တန်းသား၁၂ဦးအထိသာ လက်ခံသင်ကြားပေးမည်ဖြစ်သည့်အတွက် ဆရာနှင့်တပည့် အနီးကပ်ထိတွေ့မှု ပိုမိုရရှိစေသည်။ အသေးစိတ် မေးမြန်းစုံစမ်းလိုပါက B(302), တတိယထပ်၊ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် ဖုန်း-၅၃၇၂၄၂၊ ၀၉-၉၈၂၂၈၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆဲဗင်းဒေးနယူးစ် အတွဲ(၂)၊ အမှတ်(၃၂)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၉

မြဝတီ-မဲဆောက် စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာတော့မည်၊ ထိုင်းဝန်ကြီးချုပ်က ပထမဦးစားပေး ဆောင်ရွက်ရန်ဆန္ဒရှိနေ၊ ရဟတ်ယာဉ်ကွင်းပါမည့် ရန်ကုန်မြို့တော်၏ အထပ်အမြင့်ဆုံး အဆောက်အအုံ အမ်အိုင်စီတီပတ်ခ်၌ ၂၀၀၅ အပြီးတည်ဆောက်မည်၊ ကားတန်ဖိုး၏ တစ်ဝက်အပေါ်မှာသာ အခွန်ပေးရန်လို၊ ဂျီအက်စ်အမ် တယ်လီဖုန်းများ ပုဂံ-ညောင်ဦးအပြင် ပုပ္ပားအထိ ပြောဆိုဆက်သွယ်နိုင်တော့မည်စသည့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်းသိရသည်။(က-ပ)

(အပေါ်ပုံ)

အဖွင့်အမှာစကား

အောက်တိုဘာ ၁၄ ရက်က ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်သော အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း သင်တန်းဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ဆိုက်ကားရေးတီး လုပ်ငန်းကော်မတီနှင့် အသင်းအုပ်ချုပ်သူများညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၂၉

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီ၊ ဆပ်ကော်မတီများ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်က အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်က လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မသန်စွမ်းသူများစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ရေး လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၉

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကြိုလုပ်ရှားမှုဖြစ်သည့် မသန်စွမ်းသူများ၏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မသန်စွမ်းသင်တန်းကျောင်းများမှ ဘက်စုံထူးချွန်သူများအား ဆုချီးမြှင့်ခြင်း၊ ထူးချွန်မသန်စွမ်းသူများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စေတနာရှင်များသည်အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကျင်းပရေး ကော်မတီ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၂၅၉၁၊ ၆၆၃၃၉၂ နှင့် ၆၆၂၈၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ထီးချိုင့်အထက ရွှေရတုကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ၂၆ရက်မှ ၂၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရွှေရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ပြီးဖြစ်ရာ အမှတ်တရမဂ္ဂဇင်း၊ ပြက္ခဒိန်နှင့် ပို့စကတ်များထုတ်ဝေရန် စီစဉ်ထားသည်။ ရွှေရတုအခမ်းအနားတွင် အသက်(၆၀)နှင့်အထက် ဆရာ၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဦးစိန်ညွန့်(ရန်ကုန်) ဖုန်း-၀၉-၅၀၀၄၇၄၁၊ ၀၁-၆၆၆၄၅၀၊ ဦးမြမောင်(မြပွဲရုံ-မန္တလေး)ဖုန်း-၀၂-၃၉၃၈၄၊ ၂၂၉၀၃၊ ဦးတင့်(နဝရတ်-မန္တလေး) ဖုန်း-၀၂-၆၄၃၀၉၊ ဦးချစ်ထွေး(ကျောက်ဆည်) ဖုန်း-၀၆၆-၅၀၃၁၃နှင့် ကျောင်းအုပ်ကြီး အထက ထီးချိုင့်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စု၏ ဘူမိနက်သန် ပင်လုံဒေသ

ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း



ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံတွင် ပြည်မ တောင်တန်း ပူးပေါင်းရေးစာချုပ်၏ အထိမ်းအမှတ် ပင်လုံကျောက်တိုင် တည်ရှိသည်။ (တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြည်ထောင်စု စိတ်ဓာတ်ကို ဖော်ညွှန်းသည့် ပင်လုံစာချုပ်ကို ပင်လုံညီလာခံ အပြီးတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ် မွေးဖွားရာ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့ အဖြစ် သတ်မှတ်ပြီး ပြည်ထောင်စု အခမ်းအနားကို နိုင်ငံတော်က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။) *[ဓာတ်ပုံမှတ်တမ်း– ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)]*

မဟာရဋ္ဌာဘိသာ မင်္ဂလစေတီတော်တည်ဆောက်

ရှမ်းပြည်နယ် ပင်လုံဒေသ၌ စေတီတော်တစ်ဆူ တည်ထားကိုးကွယ် ပူဇော်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့ရာ ပင်လုံမြေမှသည် မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိပြီး ပြည်ထောင်စုကြီး သန္ဓေတည် မွေးဖွားသန့်စင်လာသည်အထိ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို အစဉ်အဆက် မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကောင်းမှုကုသိုလ် ပြုလုပ်သည့်အနေဖြင့် ပင်လုံဒေသ ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမင်္ဂလစေတီတော် တည်ဆောက်နေမှုကို ဤသို့တွေ့ရသည်။

[ဓာတ်ပုံမှတ်တမ်း– ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)]

လွိုင်လင် အထူးကုဆေးရုံသစ်ကြီး

လူမှုရေး ဦးတည်ချက်လေးရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် အဓိက အချက်တစ်ချက်ဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးမည့် လွိုင်လင် အထူးကု ဆေးရုံသစ်ကြီးကို ဤသို့ ခေတ်မီခံ့ညားစွာ တွေ့ရသည်။ *[ဓာတ်ပုံမှတ်တမ်း–ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)]*

ကွန်ပျူတာ ကောလိပ် (ပင်လုံ)

အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ အစိုးရ ကွန်ပျူတာ ကောလိပ် (ပင်လုံ) အဆောက်အအုံတွင် တိုင်းရင်းသား လူငယ်များ အဆင့်မြင့်ပညာ သင်ကြားနိုင်ကြပေပြီ။ *(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)*

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်အလှူရှင် ဒဂုံအင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က နေ့ကလေးထိန်းကျောင်းဆောင် နှစ်ဆောင်အတွက် ငွေကျပ်၃၁၂၀၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေကလက်ခံစဉ်။
(သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါက်တာကြည်စိုး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာဒဂုံအင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က နေ့ကလေးထိန်းကျောင်းဆောင်နှစ်ဆောင်အတွက် ငွေကျပ် ၃၁၂၀၀၀၀၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဆောင်ရွက်လျက်ရှိသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ပြုပြင်မှုစီမံချက်တွင် အသုံးပြုရန်အတွက် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်)မိသားစု သားသမီးမြေးမြစ်တစ်စုတို့က ငွေကျပ်၁၀၀၀၀၀၀၊ ဒေါ်ကျင်ချိန်(နဝရတ်ရွှေဇာမဏီ၊တောင်ကြီးမြို့)က ငွေကျပ် ၅၀၀၀၀၀နှင့် ငွေကျပ် ၂၄၀၆၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများ၊ FISCA Co. မှမန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်နှင့်ဇနီး ဒေါ်စုစုအေးတို့က ငွေကျပ် ၅၀၀၀၀၀နှင့် ငွေကျပ် ၂၃၇၆၀၀တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများ၊ ဦးခင်မောင်မြင့်–ဒေါ်ဆေဆေမိသားစုက အသင်းပိုင်ဆိုဖာထိုင်ခုံများပြုပြင်ခြင်းအတွက် ကုန်ကျငွေကျပ် ၅၁၀၀၀၀၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၀၀၀၀၀၀တန်ဖိုးရှိ ဆေးဝါးများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက(ဓမ္မကထိက ဗဟုဇနဟိတ ဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် အောက်တိုဘာ၃၁ ရက်ညတွင် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက်၊ ရွှေညောင်ပင်လမ်းတွင် လည်းကောင်း၊ နိုဝင်ဘာ၄ရက်၊ ၅ရက် ညများတွင် သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူဘုရားလမ်း၊ သဒ္ဓမ္မဝေပုလ္လဓမ္မာရုံတွင် လည်းကောင်း၊ ၈ရက်ညတွင် တောင်ဒဂုံမြို့နယ် (၂၆)ရပ်ကွက်၊ ရာမညလမ်းတွင်လည်းကောင်း၊ ၉ရက်ညတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် လည်းကောင်း နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားတော်မူမည် ဟုသိရသည်။ (က–ပ)

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ ထီးတန်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ကြမည်

ရန်ကုန် အောက်တိုဘာ ၂၉

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ ထီးတန်း)တွင် ၁၉၅၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်ထိပညာသင်ယူခဲ့သောကျောင်းသား၊ ကျောင်းသူဟောင်းများမှ ယင်းကျောင်းတွင် ၁၉၅၁ခုနှစ်မှ ၁၉၇၁ခုနှစ်ထိ ပညာပို့ချခဲ့သည့်ဆရာကြီး၊ ဆရာမကြီးဟောင်းများအား အာစရိယပူဇော်ခြင်းနှင့် ၁၉၉၉–၂၀၀၀၊ ၂၀၀၀–၂၀၀၁၊ ၂၀၀၂–၂၀၀၃ နှစ်များတွင် နိုင်ငံတော်မှ ချီးမြှင့်ဂုဏ်ပြုခြင်းခံရသည့်ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဂုဏ်ပြုမည့် အစီအစဉ်တို့ကို နိုဝင်ဘာ ၁၈ရက်(အမျိုးသားအောင်ပွဲနေ့) နံနက် ၁၁ နာရီတွင် ကျောင်းတည်ရာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့်ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆရာကြီး၊ ဆရာမကြီးများအတွက် လှူဒါန်းငွေများကို ဦးဘနှင်း ဖုန်း–၂၂၅၃၄၂၊ ၇၂၄၅၄၆၊ ဦးစိန်ဟုတ် ဖုန်း–၅၁၃၉၇၂၊ ၅၂၄၇၃၆၊ ၀၉၉၉–၂၇၃၃၆၊ ဦးခင်မောင်ချို ဖုန်း–၇၂၇၉၁၃၊ ဗိုလ်မှူးစိုးဝင်း(မြို့တော်စည်ပင်) ရုံးဖုန်း–၂၇၃၄၃၃၊ ၂၄၈၁၁၂၊ လိုင်းခွဲ–၂၆၀၊ ၀၉၅၀၁၄၁၉၆၊ ဦးထွန်းအေး ဖုန်း–၅၇၇၇၈၀၊ ၀၉၈၀–၃၃၁၆၃၊ ဦးစံဝင်း ဖုန်း–၂၂၅၉၁၄၊ ဦးကျင်ထွန်း ဖုန်း–၀၉၉၉–၂၆၂၈၅၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း ရုံးဖုန်း–၆၅၁၉၈၄၊ အိမ်ဖုန်း–၆၆၂၈၉၆၊ ဦးရွှေအေး ဖုန်း–၀၉–၅၀၀၁၃၆နှင့် ဦးကိုကိုမောင် ဖုန်း–၂၁၁၆၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲနေ့တွင်လည်း လှူဒါန်းငွေများကို တစ်ပါတည်းယူဆောင် ပူဇော်ကန်တော့နိုင်ကြောင်း သိရသည်။ (က–ပ)

ပြင်ဦးလွင်ဒေသတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် စိုက်ပျိုးအောင်မြင်နေသော ကော်ဖီခြံများမှ ကော်ဖီပင်များကို အရိပ်ရပင်များနှင့် တွဲဖက်စိုက်ပျိုးထားသည်ကို ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

➪ ပြည်ပဈေးကွက်ဝင်မှ

၂၀၀၃–၂၀၀၄ခုနှစ်၌ ဧက ၁၀၀၀၀၊ ၂၀၀၄–၂၀၀၅ခုနှစ်၌ ဧက၂၀၀၀၀၊ ၂၀၀၅–၂၀၀၆ခုနှစ်၌ ဧက၂၀၀၀၀ ပေါင်း ဧက ၅၀၀၀၀နှင့် နောင်ချိုမြို့နယ်တွင် ဧက ၅၀၀၀၀ စုစုပေါင်း ဧက ၁၀၀၀၀၀စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လျှောက်လွှာတင်

အထက်ပါအတိုင်း ပြင်ဦးလွင်နှင့်နောင်ချိုမြို့နယ်များတွင် ၂၀၀၃–၂၀၀၄မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း ကော်ဖီဧကတစ်သိန်း တိုးချဲ့စိုက်ပျိုးရေး လျာထားဆောင်ရွက်လျက်ရှိရာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရေးသားတင်ပြရလျှင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကော်ဖီစိုက်ပျိုးရန် စိတ်ပါဝင်စားသူ ပုဂ္ဂလိကများနှင့် လုပ်ငန်းရှင်များအား သတင်းစာနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ ဖိတ်ခေါ်ခဲ့ရာတွင် ယနေ့အထိ လုပ်ငန်းရှင်၄၈၅ ဦး၊အဖွဲ့အစည်းလေးဖွဲ့တို့ကပြင်ဦးလွင်နှင့်နောင်ချိုမြို့နယ်များတွင် မြေဧက ၂၄၇၀၈ ဒသမ ၂၅ဧက စိုက်ပျိုးလိုကြောင်း လျှောက်လွှာများ တင်ခဲ့ကြသည်ဆို၏။

သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြင်ဦးလွင်မြို့နယ်ရှိ ညောင်နီဒေသ၊ ထုံးဘိုဒေသ၊ ရေချမ်းအိုးဒေသ၊ ပိန္နဲကုန်းဒေသ၊ အင်းထိပ်ဦးနှင့်နားလင်းဒေသတို့တွင်၂၇၀ဦးတို့အား ဧကပေါင်း ၆၁၁၆ဒသမ ၂၅ဧက၊ နောင်ချိုမြို့နယ်ရှိ ဂန့်ဂေါ – ဦးလုံ – ဘန့်ဘွေးဒေသ၊ အထက်ကြူအင်းဒေသ၊ ဟိုခိုဒေသ၊ ဒိုးပင်–ကုန်စံဒေသ၊ ခြောက်ကုန်းကြီးဒေသ၊ ဟိုခဲဒေသ၊ လုံရုံဒေသတို့တွင် အဖွဲ့အစည်းလေးဖွဲ့မှ ၁၂ဦးတို့အား ဧကပေါင်း ၁၂၈၃၀၊ ပြင်ဦးလွင်နှင့်နောင်ချိုနှစ်မြို့နယ်မှ ကော်ဖီဧကပေါင်း ၁၈၉၄၆ဒသမ ၂၅ဧကကို ၂၈၂ဦးတို့အား ခွဲဝေချထားပေး၍ ထွန်ယက်စိုက်ပျိုးလျက်ရှိနေကြပြီဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် ဇူလိုင်လအတွင်းက ကော်ဖီစိုက်ပျိုး ဒေသ ပြင်ဦးလွင်သို့သွားရောက်ပြီး မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု လုပ်ငန်းစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်နှင့်အတူ ကော်ဖီခြံများကို လေ့လာခဲ့ကြသည်။

ထိုနေ့က ပြင်ဦးလွင်မြို့နယ် အမျိုးသား ကန်တော်ကြီးဥယျာဉ် အရှေ့ဘက်မှ ရွှေပုစွန်ကော်ဖီစိုက်ခင်းနှင့် Green Land ကော်ဖီစိုက်ခင်းများသို့ ရောက်ရှိသွားခဲ့သည်။ ရွှေပုစွန်စိုက်ခင်းတွင် ကော်ဖီပျိုးပင်များ အများအပြားပျိုးထောင်ထားပြီး စိုက်ပျိုးစစိုက်ခင်းဖြစ်သော်လည်း Green Land ကော်ဖီစိုက်ခင်းမှာမူ ဧကပေါင်း ၂၇၂ ဧကရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ကော်ဖီပင်တိုင်း၌ အသီးများပွတ်ခဲနေအောင် သီးနေကြသည်ကို တွေ့ရသည်။

အောင်မြင်နေ

သို့ဖြစ်၍ ကြေးမုံသတင်းအဖွဲ့သည် Green Land ကော်ဖီစိုက်ခင်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအိုက်ပေါင်းနှင့် တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှုများကို မေးမြန်းကြည့်ရာ ဦးစိုင်းအိုက်ပေါင်းက ပြင်ဦးလွင်ကော်ဖီစိုက်ခင်းအတွက် ၁၉၉၈ခုနှစ်မှာ စိုက်ပျိုးလုပ်ကိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြေစ၍ရကြောင်း၊ နှစ် ၃၀ လုပ်ကိုင်ခွင့်နှင့်ဖြစ်ကြောင်း၊ ၁၉၉၉ခုနှစ် မေလမှာ ဧကပေါင်း ၂၇၂ဧကကို စတင်ထွန်ယက်စိုက်ပျိုးကြောင်း၊ ယခုအခါ အပင်ပေါင်းသုံးသိန်းထိ အောင်မြင်နေပြီဖြစ်ကြောင်း။

ကော်ဖီများ စတင်စိုက်ပျိုးပြီး သုံးနှစ်ပြည့်သည့်နှစ်မှစ၍ အသီးများရကြောင်း၊ နှစ်အလိုက်ပြောရလျှင် ၁၉၉၉ခုနှစ်မှာ စတင်စိုက်ပျိုး၍ ၂၀၀၁ခုနှစ်မှာ ကော်ဖီစေ့ပိဿာ ၄၀၀၀၀ရပြီး၂၀၀၂ခုနှစ်မှာ ကော်ဖီစေ့ပိဿာ၇၀၀၀၀ခူးဆွတ်ရရှိကာ ပြည်ပနိုင်ငံသို့ တင်ပို့နေကြောင်း၊ ကုမ္ပဏီသို့ တစ်ပိဿာလျှင် ကျပ် ၂၀၀နှုန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း။

ယခုနှစ် ၂၀၀၃ ခုနှစ်တွင် ကော်ဖီစေ့ပိဿာတစ်သိန်းခန့် ဆွတ်ခူးရနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ စိုက်ပျိုးနည်းပညာများကို မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီစိုက်ပျိုးရေးဌာနစုက ကူညီပံ့ပိုးပေးပါကြောင်း၊ ကော်ဖီပင်တစ်ပင်သည် စိုက်ပျိုးချိန်မှ ၂၅နှစ်သားအထိ ကော်ဖီစေ့များ ဆွတ်ခူးထုတ်လုပ်၍ ရကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် Green Land ကော်ဖီစိုက်ခင်း၌ သတင်းဆောင်းပါးဓာတ်ပုံများ ရိုက်ကူးကြပြီးနောက် ပြင်ဦးလွင်ခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီစိုက်ပျိုးရေးဌာနစုမှတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်ကို ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းတွင်ဌာနမှစီစဉ်ဆောင်ရွက်ပေးနေသည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းပြပေးရန် မေတ္တာရပ်ခံခဲ့ရာ တာဝန်ခံဦးလှမြင့်က ကော်ဖီသည် သုံးနှစ်မှစ၍ ဝင်ငွေရရှိသောအပင်များဖြစ်ကြောင်း၊ ကော်ဖီခင်းများ၌ အရိပ်ရသီးပင်များ တွဲဖက်စိုက်ပျိုးနိုင်၍ ထပ်ဆောင်းဝင်ငွေ ရရှိနိုင်ကြောင်း။

ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များတွင် ကော်ဖီဧကတစ်သိန်း စိုက်ပျိုးရန် မြေနေရာများ အသင့်ရှာဖွေဖော်ထုတ်ထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးလိုသူများသည် မြေငါးဧကအထက် လျှောက်ထားနိုင်ပြီး သုံးနှစ်အတွင်း အပြီးစိုက်ပျိုးရမည် ဖြစ်ကြောင်း။

ပံ့ပိုးကူညီ

ကော်ဖီ စိုက်ပျိုးလိုသူများကို မိမိတို့ဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ပျိုးပင်နှင့် အရိပ်ပင်များရရှိရေး၊ နည်းပညာအကူအညီရရှိရေး၊ မြေသြဇာနှင့် ပံ့ပိုးပစ္စည်းများရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေရရှိရေး၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများပံ့ပိုးကူညီပေးလျက်ရှိကြောင်း။

တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စိုက်ပျိုးလိုသူများသည် ရန်ကုန်မြို့ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(ရုံးချုပ်) ကိုးမိုင် ပြည်လမ်း ဖုန်း–၀၁–၆၆၅၄၉၃၊ ၀၁–၆၆၆၀၂၇နှင့် ပြင်ဦးလွင်မြို့ မြန်မာ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဒေသရုံးခွဲ ဖုန်း–၀၈၅–၂၂၁၃၅ တို့သို့ ဆယ်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်းတို့ကို ကြေးမုံသို့ ရှင်းလင်းပြောကြားလိုက်ပေသည်။ ။

(ကြေးမုံ)

အောက်တိုဘာ ၂၆ရက်က အထက(သုဝဏ္ဏ)တွင် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ငါးဘာသာဂုဏ်ထူးရရှိသူ မဇာခြည်ငြိမ်းချမ်းအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေနှင့် ပစ္စည်းလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၆၅ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့်ပစ္စည်း လှူဒါန်းပွဲကို ယမန်နေ့ မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်- သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

အလှူငွေပေးအပ်ပွဲ တွင် သုတစွယ်စုံ စာအုပ်တိုက်ပိုင်ရှင်ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာ ခင်မိုးမိုး မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ အမှတ်(၁၀၉) ဆူးလေဘုရားလမ်း (ဒုတိယထပ်)နေ ဒေါက်တာ မောင်မောင် မိသားစုက ငွေကျပ် ၃၅၀၀၀၀တန်ဖိုးရှိ ဘာသာရေးမဂ္ဂဇင်း ၁၅၆၀၊ ခိုင်သဇင်လက်ဖက်ခြောက်လုပ်ငန်းပိုင်ရှင်များဖြစ်ကြသည့် ဦးကျော်ညွန့်၊ ဦးဘကျော်-ဒေါ်သီတာချမ်းတို့က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ လက်ဖက်ခြောက် အထုပ် ၂၀၀၊ ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က ငွေကျပ် ၂၀၀၀၀၊ ဦးကြော့မောင် မောင်ညွန့်-ဒေါ်သန်းရှင် မိသားစုက ငွေကျပ် ၁၅၀၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း - တွံတေး)- ဒေါ်ညွန့်ညွန့်သန်း၊ မြေး ရန်နိုင်ဦးနှင့် မျိုးရာဇာတို့က ငွေကျပ် ၁၀၀၀၀၊ ဦးခင်ဆွေ(ရွှေစွန်ညို)-ဒေါ်နုယဉ်၊ မြေး သူရဝင်း၊ မင်းသီဟ၊ အောင်ဇေယျ၊ အောင်သူထက် တို့က ငွေကျပ် ၁၀၀၀၀၊ ရဲမှူးကြီး ဦးခင်မောင်ထွန်း (ငြိမ်း)(ခင်မောင်ထွန်း-လမ်းမတော်) - ဇနီး ဒေါက်တာ အေးမြတ်လွင် (ဒေါက်တာအေးမြတ်လွင်-ဟသ်ာတ)က ငွေကျပ် ၁၀၀၀၀၊ ဒေါက်တာကျော်စိန်-ဒေါ်တင်တင်အေးက ငွေကျပ် ၁၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ တက္ကသိုလ်စိုးယဉ်က ငွေကျပ် ၁၀၀၀၀၊ ဦးသန်းဌေး-ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က ငွေကျပ် ၅၀၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူးယစ်အထူးအဖွဲ့ ဒုတိယရဲအုပ်ခင်မောင်ကျော် မိသားစု၊ ကန်တော့ခံစာပေပညာရှင် ဦးဆိုက်ကျင်၊ ဦးထွန်းရှိန်(သန်းဝင်းရှိန်)နှင့် စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀၊ ဦးခင်မောင်ညို မိသားစုက ငွေကျပ် ၁၀၀၀၀တန်ဖိုးရှိ ဂျပန်နားသန့်ဆေးထုပ် ၂၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် (၅၂၉) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန်ဒုတိယထပ်ဖုန်း-၂၅၄၁၇၃ နှင့် ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်း အမှတ်-၉၆ (မြေညီ) (၃၈)လမ်း ရွှေစန္ဒာထွန်းစာပေ ပြည်လုံးကျွတ်ဖြန့်ချိရေးက ဖြန့်ချိသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ (D.Litt) (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ရေးသားသည့် အဘိဓမ္မာသင်တန်းပို့ချချက်များ (ပထမတွဲ) စာအုပ်မျက်နှာဖုံး။

(က-ပ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၆၅ခုနှစ် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့်ပစ္စည်း လှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ငွေကျပ်တစ်သောင်းကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)ကလက်ခံစဉ်။

(သတင်းစဉ်)

အထက(၂) ကြည့်မြင်တိုင် (ဟုမ်းလမ်း/ထီးတန်း)
ကျောင်းသား၊ကျောင်းသူဟောင်းများ၏(၁၅)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်ခြင်းခံရသူ ကျောင်းသား၊ကျောင်းသူဟောင်းများ
ဂုဏ်ပြုပွဲဖိတ်ကြားလွှာ

အထက(၂)ကြည့်မြင်တိုင်၊ (ဟုမ်းလမ်း/ ထီးတန်း)တွင် ၁၉၅၁ မှ ၁၉၈၁ထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းတပည့်အပေါင်းမှ ယင်းကျောင်းတွင် ၁၉၅၁မှ ၁၉၇၁ ထိ ပညာပို့ချခဲ့သော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပြီး၊ နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် နှစ်ဘာသာ အထက် ဂုဏ်ထူးရသူ (၁၀)တန်းအောင် ကျောင်းသား၊ကျောင်းသူတို့အား ဂုဏ်ပြုပွဲတို့ကို အောက်ပါအစီအစဉ်အရ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၈-၁၁-၂၀၀၃(အမျိုးသားအောင်ပွဲနေ့)
အချိန် - နံနက် ၁၁:၀၀နာရီ
နေရာ - အထက(၂) ကြည့်မြင်တိုင်(ခန်းမ)

(ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများထံ သီးခြားဖိတ်စာပေးပို့ပါမည်။ ဖိတ်စာအချိန်မီ မရရှိပါကလည်း ကြွရောက်ပူဇော်ခံယူပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများထံ သီးခြားဖိတ်စာ မပို့ပါ။)

ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း
အထက(၂)၊ ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း)။

အောက်တိုဘာ မောင်နှမများအတွက် မွေးနေ့ဆုတောင်း

သားကြီး **မောင်ဇာနည်နိုင်နိုင်** (6-10-79)
Y.T.U Second Year.
Final Year, Dip in IT
Temasek Polytechnic, Singapore.

သမီးကြီး **မဗိုဇာနိုင်နိုင်** (19-10-83)
First Year, Dip in Mechatronic
Nanyang Polytechnic, Singapore.

သမီးငယ် **မနီဇာနိုင်နိုင်** (28-10-85)
First M.B., B. S
II/2002 **ဆေး(၂)**
First Year, Dip in Mechatronic
Nanyang Polytechnic, Singapore.

နေ့များမှာ ကျရောက်ခဲ့သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်လာမည့် နှစ်ပေါင်း ၁၂၀ နှစ်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပျော်ရွှင်ချမ်းမြေ့သောဘဝ၊ ပညာရေးတွင် ထူးချွန်သော သားကောင်း၊ သမီးကောင်း ရတနာများဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

ချစ်ဖေ **ဦးဌေးနိုင်** (a) Jack Naing
(ခေတ္တ-U.S.A)

ချစ်မေ **ဒေါ်အေးအေးမူ**
အမှတ် ၁၆၀၊ အခန်း ၂၆/၂၇၊ ၄၇လမ်း၊ ရန်ကုန်။

ချစ်ကိုယ် **မောင်တေဇာနိုင်နိုင်**
(ခေတ္တ-U.S.A)

တောတိုက်ဓမ္မရိပ်သာ မဟာဘုံကထိန်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ကျေးဇူးတော်ရှင် ဘဒ္ဒန္တဓမ္မသာရ ဆရာတော်ကြီးအမှူးပြုသော ဝါဆိုသံဃာတော် ၂၄၃ ပါးနှင့် ပင့်သံဃာ ၁၇၀ ကျော်တို့အား စုပေါင်း မဟာဘုံကထိန်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၈ ရက်) တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝါဏိဇ္ဇဘွဲ့ရမောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) CGA ၏ တတိယအကြိမ် Professor William Paw Memorial Gold Prize ချီးမြှင့်ခြင်းနှင့် ၂၀၀၃ ခုနှစ် ဝါဏိဇ္ဇဘွဲ့ရ မောင်မယ်သစ်လွင်ကြိုဆို ညစာစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် (တနင်္လာနေ့) ညနေ ၆နာရီခွဲတွင် International Business Centre (မြက်ခင်းပြင်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ရောင်စဉ်လှိုင်းတေးဂီတနှင့် အဆိုကျော်များ၏ ဖျော်ဖြေမှုများ၊ ကံစမ်းမဲ အစီအစဉ်များ ပါဝင်သည်။ ဝါဏိဇ္ဇဘွဲ့၏ ဖခင်ကြီး ဆရာကြီး ပါမောက္ခ ဦးဝီလျံပေါအား အစဉ် ဂုဏ်ပြု အမှတ်ရနေရန်နှင့် ဝါဏိဇ္ဇဘွဲ့ရများသည် မိမိ၏ဘွဲ့အား အစဉ် တန်ဖိုးထား ဂုဏ်ယူနေစေရန် ရည်ရွယ်ချက်များဖြင့် အသင်းကြီးမှ Professor William Paw Memorial Prize Fund ကို စုဆောင်းတည်ထောင်ကာ နှစ်စဉ် ဝါဏိဇ္ဇဘွဲ့အား အမှတ်အများဆုံးဖြင့် အောင်မြင်သူအား Professor William Paw Memorial Gold Prize ကို ချီးမြှင့်ခြင်းဖြစ်သည်။ အခမ်းအနားသို့ တက်ရောက်လိုသူများသည် အသင်းရုံး-အမှတ် ၃၇/၄၁၊ လမ်း ၅၀ (အောက်)၊ ဖုန်း-၂၉၁၆၆၇၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ထိပ် ဖုန်း-၅၄၉၃၆၅၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း-၇၂၃၀၇၂၊ ၂၈၆၈၉၄ နှင့် တွဲဖက်အတွင်းရေးမှူး ဦးသန်းအောင် ဖုန်း-၀၉ ၉၉ ၂၂၂၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သီရိမင်္ဂလာစာသင်တိုက် စုပေါင်းကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်း သီရိမင်္ဂလာ ပရိယတ္တိစာသင်တိုက်၏ (၁၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၈ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ကထိန်အလှူတော်မင်္ဂလာတရားတော်နာ ကြွရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ဈေးကွက်စီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီဝန်ထမ်းများ ကျွမ်းကျင်မှုတိုးတက်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ခြင်းမှ တစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအား အရင်းအမြစ်ကုမ္ပဏီ (MHR)မှ နိုဝင်ဘာ ၁ ရက်တွင် ရုံးချိန်/ကျောင်းချိန် ပြင်ပဖြစ်သော ဈေးကွက်ဝင် ရောင်းချဖြန့်ဖြူးရေးဆိုင်ရာ စီမံခန့်ခွဲမှု နှစ်လသင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

MBA / DMA အချိန်ပြည့်သင်တန်း တက်ရောက်ရန် မအားလပ်သူ ကုမ္ပဏီ ဒါရိုက်တာများ၊ မန်နေဂျာများ၊ ကုမ္ပဏီလုပ်ငန်းခွင်တွင် ရောက်ရှိနေသည့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရများ၊ အလုပ်ရှာနေသူများ၊ ကုမ္ပဏီလုပ်ငန်းခွင်သို့ ကူးပြောင်းလိုသူ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်နိုင်ပြီး Marketing Fundamentals, Marketing in Practice, Current Topics in Marketing, Customer Communications အစရှိသော ဘာသာရပ်များကို ဝါရင့် ကျွမ်းကျင်သူများက သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် လူဦးရေ ကန့်သတ်ထားသဖြင့် MHR, အခန်း (၉၀၅)၊ ကိုးလွှာ၊ အဆင့်မြင့် သံဈေးကွန်ဒို လမ်းမတော်လမ်း ဖုန်း-၇၀၇၈၂၂ သို့ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ကိုရီးယားဘာသာစကား သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ကိုရီးယားဘာသာစကား စိတ်ပါဝင်စားသူများအတွက် အခြေခံနှင့် အဆင့်မြင့် ဘာသာစကားကို ဆရာမ ဒေါ်ခိုင်စပါယ် (Dip in Korean, Y.U.F.L) ကိုယ်တိုင်အရေး၊ အဖတ် အပြောနှင့် နားထောင်နိုင်စွမ်းများကို ကျွမ်းကျင်သည့်ထိ သင်ကြားပေးပြီး သင်တန်းဆင်းလက်မှတ် ပေးအပ်မည်ဖြစ်သည်။

B.A နှင့် Diploma သင်တန်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် Level တန်းများကို Semester အလိုက် 4-Skills တန်းခွဲများ စီစဉ်ဖွင့်လှစ်ထားသည်။

သင်တန်းတက်ရောက်လိုသူများသည် ဌာန်းဂျင်း ကိုရီးယားနှင့် နိုင်ငံခြားဘာသာ သင်တန်းများစင်တာ A-3 ပါရမီလမ်းနှင့် သံသုမာလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၇၃၃၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

စတားစပို့ဂျာနယ် အမှတ်(၇၃)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၉

အပတ်စဉ်သောကြာနေ့တိုင်းထုတ်ဝေလျက်ရှိသော စတားစပို့ ဂျာနယ် အမှတ်(၇၃) ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

စတားစပို့ဂျာနယ်တွင် ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှ သတင်းတိုထွာများနှင့်တကွ ပရီမီယာရှစ်ဟောကိန်း၊ ပရီမီယာရှစ်ပွဲပေါင်း ၁၀၀ ကစားပြီးသောအခါ ချန်ပီယံလိဂ်မှာ ဗိုလ်စွဲနိုင်မည့်အသင်းကြီးများ၊ နည်းပြကောင်းမကောင်း ချန်ပီယံလိဂ်ဗိုလ်နှင့် စီးရီးအေဗိုလ်တို့ထိပ်တိုက်တွေ့မည့်ပွဲ စသည့် ဆောင်းပါးစုံ၊ သတင်းစုံတို့ကို အားကစားဝါသနာရှင် ပရိသတ်ကြီးအတွက် ကလောင်အင်အား စုံလင်စွာဖြင့် ဖော်ပြထားကြောင်းသိရသည်။

(က-ပ)

ရှိုင်း ဆောက်လုပ်ရေးအဖွဲ့

20% Discount

ဒိုင်ခံသယ်ရယ်ပြီး ခေတ်မီလှပသောအိမ်ခန်းများတွင်
စိတ်ချမ်းမြေ့စွာနေထိုင်လိုသူများအတွက် ရန်ကုန်မြို့လယ်ကောင်နှင့်
စီးပွားရေးအချက်အချာကျသော အောက်ဖော်ပြပါနေရာများရှိ အဆင့်မြင့် အိမ်ခန်းများကို…

SHINE TOWER (II)
SHINE TOWER (III)
SHINE TOWER (IV)
SHINE TOWER (VI)
SHINE TOWER (VII) e-CONDO

Phone : 01-253326, 374026, 243647
E-mail : shine@myanmar.com.mm
Fax : 250485

❖ တန်ဆောင်တိုင်အထူးလျှော့စျေးနှုန်းနှင့် ❖ အရစ်ကျငွေပေးချေစနစ်ဖြင့်
❖ (၁-၁၁-၀၃) မှ (၁၅-၁၁-၀၃)အတွင်း ဦးရာလူ စိတ်ကြိုက်ရွေးချယ်နိုင်သည့်စနစ်အရ

❖ အခန်းတိုင်းတွင် အိပ်ခန်း(၃)ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းနှင့် အိမ်သာ၊ ရေချိုးခန်း
အနည်းဆုံး(၂)ခုစီပါဝင်သည်။
❖ အဆောက်အအုံ အားလုံးတွင် ဓာတ်လှေကား၊ အရန်မီးစက်၊ ထရန်စဖော်မာ တို့ပါဝင်သည်။

ဆက်လက်ရောင်းချပေးနေပါပြီ။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ရန်ကုန်တက္ကသိုလ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ဓာတုဗေဒဌာနကကြီးမှူး၍ အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်မည့်သင်တန်းများ–**
- စားသောက်ကုန်နည်းပညာသင်တန်းအမှတ်–၂/၂၀၀၃
- စားသောက်ကုန်နည်းပညာဒီပလိုမာသင်တန်းအမှတ်–၂/၂၀၀၃

၂။ **သင်တန်းအောင်လက်မှတ်** – Completion Certificate
Diploma in Food Technology
(Dip Food Tech)

၃။ **သင်တန်းကာလ** – ၃လ (စားသောက်ကုန်နည်းပညာ)
– ၉လ (စားသောက်ကုန်နည်းပညာဒီပလိုမာ)

၄။ **သင်တန်းဝင်ခွင့်အရည်အချင်း**– အထက်တန်းအဆင့်ပညာသင်ယူမှုပြီးမြောက်ခြင်းလက်မှတ်ရရှိသူ၊တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ အခြေခံပညာအထက်တန်းစာမေးပွဲ(က)/(ခ) အဆင့်ဖြင့် အောင်မြင်သူ (စားသောက်ကုန်နည်းပညာအတွက်)
–စားသောက်ကုန်နည်းပညာသင်တန်းအောင်လက်မှတ်ရရှိသူ(ဒီပလိုမာသင်တန်းအတွက်)

၅။ **သင်တန်းဖွင့်မည့်ရက်** –၁၄–၁၁–၂၀၀၃

၆။ **ဆက်သွယ်ရမည့်ရက်** – ၅–၁၁–၂၀၀၃

၇။ **လျှောက်လွှာလက်ခံမည့်နေရာ** – ဓာတုဗေဒဌာနရုံးခန်း၊ ရန်ကုန်တက္ကသိုလ်။

မှတ်ချက်– အသေးစိတ်အချက်အလက်များကို ဓာတုဗေဒဌာန (ဖုန်း–၅၃၆၇၈၂) ရန်ကုန်တက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ရန်ကုန်တက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်တက္ကသိုလ်)၏ အစီအစဉ်ဖြင့် စာကြည့်တိုက်နှင့် သုတပညာဌာနကကြီးမှူး၍ အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

၁။ **သင်တန်းအမည်**– အခြေခံစာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှုသင်တန်း(အခြေခံအဆင့်)

၂။ **သင်တန်းကာလ** – (၃)လ

၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** – အခြေခံပညာအထက်တန်းအဆင့်

၄။ **သင်တန်းချိန်** – နံနက်(၉)နာရီမှ ညနေ(၄)နာရီထိ (စနေ၊တနင်္ဂနွေ)

၅။ **သင်တန်းစတင်မည့်ရက်** – ၆–၁၂–၂၀၀၃

၆။ **လျှောက်လွှာလက်ခံမည့်ရက်** – ၁–၁၁–၂၀၀၃

၇။ **လျှောက်လွှာလက်ခံမည့်နေရာ** – စာကြည့်တိုက်နှင့် သုတပညာဌာန အခန်း(အေ–၃)၊ ဝိဇ္ဇာအဆောက်အအုံ ရန်ကုန်တက္ကသိုလ်၊ ဖုန်း–၅၃၄၇၇၂။

TV - VIDEO, VCD, DVD & RADIO CASSETTE

AIKIDO

AIKIDO ကိုယ်ခံပညာ သင်ကြားလိုသူများအတွက် လစဉ်သင်တန်းသား/သူသစ်များ လက်ခံနေပါသည်။

အချိန် – SUN မှအပ နေ့စဉ် – ပ – ချိန် ၅:၃၀ မှ ၆:၃၀နာရီ ညနေ
ဒု – ချိန် ၇:၀၀ မှ ၈:၀၀နာရီ ည

နေရာ – Myanmar Aikido Association
၉၃၊ မနော်ဟရီလမ်း(အလုံလမ်းနှင့်ပြည်လမ်းထောင့်)
Yangon International Hotel ဝင်းအတွင်း၊ Ph . 229224 to 229229.

အမည်ပြောင်းခြင်း

အဖ ဦးဇော်ထွန်းအေး၏သား အထက(၁)ဒဂုံ၊ ဒုတိယတန်း(E)မှ မောင်မျိုးသီဟကျော်အား မောင်အုပ်စိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။

Hart

မျိုးကျော့မြိုင်

လူဖြစ်ရတဲ့ဒုက္ခ

VIRUS.3.MIX

FEAT:

Blazon Shopping Centre

1.11.03 Tape,CD ထွက်ပြီ

အော်ကစ် အထည်အလိပ်စင်တာ

ORCHID TEXTILE CENTRE



၅ နှစ်မြောက် မွေးနေ့ အတွက် အထူး နှိမ်း

5th year Anniversary Special Discount

Nikko Institute of Beautification

(သင်တန်းကျောင်းများဖွင့်လှစ်နေပါပြီ)

Nikko Institute of Beautification & Nikko Beauty Salon
No. 160, 3rd floor, M.G.M Hotel, Wardan Street, Lanmadaw Tsp., Yangon.
Ph : 01-221342, 01-705870, E-mail : nnn@mptmail.net.mm

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကျိုက်လတ်မြို့၊ ၇X၈ ဦးစန္ဒာလမ်း၊ အမှတ်(၉၂)နေ
ဦးစိုးတင့်(စီမံရေးရာမန်နေဂျာ၊ လယ်ယာထွက်ကုန်)–ဒေါ်ခင်မြင့်တို့၏
သား၄ယ်၊ ကိုသန်းလွင်–မခင်စိုးဦး(သီတာဦးဆေးဆိုင်)တို့၏မောင်၊
ဗိုလ်မှူးမောင်မောင်စိုး(ဒု–တပ်ရင်းမှူး)–ဗိုလ်ကြီးဒေါ်ဥမ္မာကျော်ဦး
(တပ်မတော်သားဖွားမီးယပ်ဆေးရုံ)တို့၏ညီ

မောင်ဇေလတ်စိုး B.E(Mech:)

M.O.T Second Class Part (A)

Eastwind Shipmanagement Pte., Ltd. Singapore

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁–လမ်း၊ အမှတ်(၈၄)နေ
(ဦးသန်းရီ)–ဒေါ်ကျင်စိန်(ဆရာမ၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသမီး၊
ကိုစိုးသန်းထွန်း–မဝင်းပပတို့၏အစ်မ

မစန္ဒာအေး B.Sc°(Maths:)

U.F.L (Chinese)., C.A.B.S

Myanmar Soon Pacific Co., Ltd.

တို့၏ ၂၃–၁၀–၂၀၀၃နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတွဲဖက်တိုင်းတရားသူကြီး ဦးဉာဏ်ဝင်းအားလည်းကောင်း၊ ၂၆–၁၀–၂၀၀၃နေ့တွင် Asia Plaza Hotel၌ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဇဟိုစက်ပစ္စည်းနှင့် ပစ္စည်းထိန်း၌ာနခွဲ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်နန်းမူ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးခင်မောင်ဝင်း(M.D Myanmar Soon Pacific Co.,Ltd.)နှင့်ဇနီး ဒေါ်ဝင်နီခင်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွန့်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်သော တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၏ဇနီး ဒေါ်တင်တင်အေး၊ အခမ်းအနားမှူး ဦးဝင်းတင်နှင့် မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇေလတ်စိုး – မစန္ဒာအေး။

လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မြဝတီရပ်ကွက်၊ မြဝတီလမ်းနေ
ဦးစန်းအောင် – ဒေါ်ငွေးတင်တို့၏သားကြီး

မောင်အောင်မျိုးမြင့် B.A(Geography)

နှင့်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ သဘော်ဆိပ်လမ်းနေ
မဖြူ(ခ)မသန်းသန်းအေး၏တူမ၊ စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့၊
ကက်သာရွာနေ ဦးကျော်ရှန်း – ဒေါ်ရီတို့၏သမီး

မခင်မာသီ Final Year (Business Management)

တို့သည် ၂၁–၁၀–၂၀၀၃ရက်နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးမြင့် – မခင်မာသီ။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ စာရင်းကိုင် B.Com (သို့) ဘွဲ့ရ D.A မ (၁) ဦး
၂။ Export & Import လုပ်ငန်း / ရုံး ဝန်ထမ်း ကျား (၁) ဦး
၃။ Sales & Marketing ကျား/မ (၃) ဦး

အမှတ်စဉ်(၁)၊ (၂) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်
အမှတ်စဉ်(၃) ရုပ်ရည်သန့်ပြန့်ပြီး လုပ်ငန်းကျွမ်းကျင်ရမည်။

C.V၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

First Asia Co., Ltd.

တိုက်အမှတ်(၃၂)၊ အောင်သပြေလမ်း(ယုဇနပလာဇာအနောက်ဘက်)၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၉၉၇၃၂၊ ၂၀၀၇၄၇(Ext:7468)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ တိုက်(၁)
အခန်း(၁၀၃)နေ
ဦးကူဟိုက်ရှင်း–ဒေါ်လျူကြူရင် တို့၏သား

ကူရှောက်ရီ(ခ)မောင်မောင်ရီ (B.Com)

နှင့်

မိတ္ထီလာမြို့ ဈေးအရှေ့ရပ်၊ မ/၁၇၇နေ
ဦးခင်မောင်မြင့်–(ဒေါ်မိုး)တို့၏သမီး၊
ဦးမောင်ဝင်း–ဒေါ်တင်ဝင်းမြင့် (ယူနန်စားသောက်ဆိုင်)၊
ဒုတိယဗိုလ်မှူးကြီးမြထွန်း–ဒေါ်စန်းစန်းငွေးတို့၏တူမ

မဝင်းမာလွင်(ခ)ချောချော [B.Com(Q)C.P.A Part-1]

တို့၏ ၁၁–၁၀–၂၀၀၃ရက်(စနေ)နေ့တွင် သာသနာ့ဝေပုလ္လကျောင်း၌ လက်ထပ်ထိမ်းမြားပေးသော လက်ထောက်ညွှန်ကြားရေးမှူး (ရှေ့နေချုပ်ရုံး) ဦးခင်မောင်ဦး၊ ၂၆–၁၀–၂၀၀၃ရက် (တနင်္ဂနွေ)နေ့တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် လက်ထပ်မင်္ဂလာလက်စွပ် တက်ရောက်ဆင်မြန်းပေးသော ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းမြင့်၊ မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော ပညာရေးဒုတိယဝန်ကြီး ဦးမျိုးညွန့်၏ဇနီးဒေါ်မာလာသိန်း၊ မင်္ဂလာ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မိတ်ကပ်အလှပြင်အောင်အောင်နှင့်အဖွဲ့၊မင်္ဂလာဝတ်စုံတိုင်ပေ၊ မင်္ဂလာပန်းကြဲပေးသော ဇင်ဇင်ဇော်မြင့်၊ မင်္ဂလာသတို့သားအရံ ငြိမ်းချမ်းနှင့် မမေစပယ်၊ လွင်သူအောင်နှင့် မစိမ်းနုနုဆွေ၊ မင်္ဂလာညည့်ခံပွဲ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများနှင့် စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ဆရာမများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညစာစားပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော Princess Restaurantမှမန်နေဂျာနှင့်ဝန်ထမ်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်ရီ–မဝင်းမာလွင်။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ – ၆၆

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၄၉

ဦးစံမြ	နှင့်	၁။ ဒေါ်ခင်
		၂။ မစန်းမြင့်
		၃။ ကိုမျိုးသန့်
		၄။ ကိုထွန်းထွန်း
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၆၈/၂၀၀၁အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ၂၇ရက်နေ့ နံနက်၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ခင်မောင်(တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ(၅)လမ်း၊ အမှတ်–၇၄၉၊ (ပေ၂၀ x ပေ၆၀)အကျယ်ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်

ကြမ်းခင်းဈေးမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။

ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်း
(ယခင်တပ်မတော်ကလေးများ အစိုးရအထက်တန်းကျောင်း)
ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

အသက်(၆၀)အထက် ရပ်ဝေးရပ်နီး မြတ်ဆရာများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၅–၁၁–၂၀၀၃ (စနေနေ့) **အချိန်** – နံနက် ၀၉:၀၀ နာရီ
နေရာ – အိုလံပစ်ဟိုတယ်(ညည့်ခန်းမဆောင်)ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်အနီး။

ဆက်သွယ်စုံစမ်းရန်

၁။ ယုယုမိုး – ၆၆၃၇၁၇(အိမ်)၊ ၅၅၉၅၄၀၊ ၅၅၁၁၃၅(ရုံး)
၂။ ဇော်မြင့်ဦး – ၇၀၃၅၁၃(ရုံး)၊ ၀၉–၉၉–၂၉၁၅၈
၃။ ခင်နီနီအောင်– ၅၄၁၉၀၀(အိမ်)
၄။ နေထွန်း – ၅၇၂၇၁၆(အိမ်)၊ ၀၉–၈၀–၃၁၁၉၆
၅။ စိုးစိုးရီ – ၂၀၁၈၃၇(အိမ်)

အမည်ပြောင်းခြင်း

အဖဦးမြတ်မင်း၏သမီး ကမာရွတ် TTC၊ နဝမတန်း(G)မှ မသီရိအား မဆွေလီထက်ဟု ပြောင်းလဲခေါ်ပါရန်။

မဆွေလီထက်။



ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ဟိုတယ်လုံခြုံရေးဝန်ထမ်း ကျား (၂၅) ဦး

– အသက်(၃၅)နှစ်အောက်၊ ကျန်းမာရေးကောင်းမွန်သူ
– နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ
– အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

အထက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် ၉–၁၁–၂၀၀၃နေ့ နံနက် (၉)နာရီမှ (၃)နာရီအတွင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူနှင့်မူရင်း၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ အမှတ်–၁၈၉/၁၉၅၊ ပန်းဆိုးတန်းတာဝါသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်မခံရသည့် C.V ကို ပြန်ပေးမည်မဟုတ်ပါ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ခိုင်သက်ဖြိုး GSM ဖုန်း ၂၆–၁၀–၂၀၀၃နေ့တွင် တက္ကစီပေါ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆက်သွယ်ပါ။

Ph -248242,095017479

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၆၆၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

Aircon Bus, Boat, Hotel & Guide Service

378547, 381327

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
GSM မိုဘိုင်းတယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း
ရန်ကုန်မြို့။
GSM မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများ သိသာရန်

၂၀၀၃ခုနှစ် စက်တင်ဘာလအတွက် ရန်ကုန်မြို့ **GSM မိုဘိုင်းတယ်လီဖုန်းများ**၏ ပြည်တွင်း၊ ပြည်ပခေါ်ဆိုခ အခွန်ငွေတောင်းခံလွှာများကို ပေးပို့ထားပြီးဖြစ်ပါသည်။ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီလမ်းရှိ ဝေဠုဝန်ငွေလက်ခံစခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန၊ အမှတ်(၄၆၅/၄၆၉)၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့တို့တွင် ၂၀-၁၀-၂၀၀၃ မှ ၃၁-၁၀-၂၀၀၃နေ့အထိ ငွေပေးသွင်းနိုင်ကြပါသည်။ သတ်မှတ်သည့်ကာလအတွင်း ငွေတောင်းခံလွှာမရရှိပါက ဝေဠုဝန်ငွေလက်ခံစခန်းတွင် ငွေတောင်းခံလွှာမိတ္တူများတောင်းယူ၍ ငွေပေးသွင်းနိုင်ကြပါသည်။ **အခွန်ငွေကြွေးကျန်တယ်လီဖုန်းများကို ဆက်သွယ်မှုဖြတ်တောက်မည်ဖြစ်၍ ဆောလျင်စွာ ပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။**

အခွန်ငွေများကို လစဉ်ပေးသွင်းခြင်းမပြုလိုသူများအတွက် ကြိုတင်ငွေပေးသွင်းသည့်စနစ်ကို ကျင့်သုံးလိုပါက တစ်လပျမ်းမျှကျသင့်ငွေ၏အနည်းဆုံး သုံးလစာကို ကြိုတင်ငွေအဖြစ် ပေးသွင်းထားရှိနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက GSM မိုဘိုင်းတယ်လီဖုန်းငွေလက်ခံစခန်း၊ ငွေစာရင်းဌာန(ဝေဠုဝန်)၊ ဖုန်း-၅၀၅၂၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
GSM မိုဘိုင်းတယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း။

ဖခင်အမည်မှန်

ပြည်မြို့ အထက(၁) ပဥ္စမတန်း (A)တွင်ပညာသင်ကြားနေသော မောင်နိုင်သွန်းဦး၏ ဖခင်မည်မှန်မှာ ဦးမောင်မောင်ဝင်း [၇/ပမန(နိုင်)၀၃၀၃၃၃]ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ဝင်း**

Yan Aung

Car Rental

245496

Honey Moon
Car Rental

မြို့တွင်း၊ နယ်ဝေး၊ လချုပ်၊ အိမ်ပေး Sloon, Van, Pick up ကားမျိုးစုံ ငှားရန်ရှိသည်။
Ph:240832,287129,095018867။

လူပျောက်ကြော်ငြာ

အထက်ပါ ဓာတ်ပုံရှင် အမှတ်(၁၀)၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်နွဲ့ရီ၏ သမီးဖြစ်သူ မတင်လှိုင်ထွေး အသက်(၁၉)နှစ်သည် ၂၇-၉-၂၀၀၃ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်း လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူခြင်းခံရမည်။

မိခင်-ဒေါ်နွဲ့ရီ
ဆက်သွယ်ရန်ဖုန်း-၅၅၈၁၂၃၊ ၅၅၈၄၅၆။

ချိပ်ပိတ်တင်ဒါကြော်ငြာ
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

လုပ်ငန်းအမည် - Steel Wire Rope ဝယ်ယူရေး
တင်ဒါပိတ်ရက် - ၁၇-၁၁-၂၀၀၃

တင်ဒါနှင့် ပတ်သက်သော အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)ပထမထပ်၊ ထောက်ပံ့ရေးဌာနခွဲတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။





ညှိနှိုင်းဈေးဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကမာရွတ်ဘူတာရုံလမ်းထိပ်
ဘုရင့်နောင်လမ်းမကြီးပေါ်
ပေ၃၀X၅၀မြေညီနှစ်ခန်းတွဲ
စီးပွားရေးလုပ်ရန်နေရာကောင်း

စုံစမ်းရန်တစ်ဆင့်ဖုန်း-၆၈၂၁၉၁



ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ထွန်းထွန်းအောင် [၁၂/သဃက(နိုင်)၁၅၃၃၅၁]၏ နိုင်ငံကူးလက်မှတ်(No-၃၃၉၃၅၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ။
Ph: 565987

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉)လမ်း၊ တိုက်(၃၃)၊ အခန်း(၃၀၃)၊ တတိယထပ် ဒေါ်ရွှေဇင်(TG0-123688)အမည်ဖြင့် ချုပ်ဆိုထားသော ပိုင်ဆိုင်စာချုပ်မူရင်းမှာပျောက်ဆုံးသွားပါသဖြင့် ယုဇနဆောက်လုပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း သက်ဆိုင်ရာရုံးသို့ ဆက်သွယ်ကန့်ကွက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်- ယုဇနစင်တာ၊
အမှတ်(၁၃၀)၊ (က)ထပ်
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။
Ph: 540742

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၅/၂၀၀၃)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်
(၂၀၀၃ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၃ခုနှစ် အောက်တိုဘာလ(၂၇)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ (သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၃ခုနှစ် အောက်တိုဘာလ၂၇ရက်မှ ၂၀၀၃ခုနှစ် နိုဝင်ဘာလ၂၁ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
မောင်အောင်ခိုင်မိုး(ခ)အောင်အောင်
အသက်(၂၀) Nautical Cadet
ရေကြောင်းသိပ္ပံအပတ်စဉ်(၃၀)

သား မမျှော်လင့်ဘဲ ဦးတို့မိသားစုနှင့် ခွဲခွာခဲ့သည်မှာ ၃၀-၁၀-၂၀၀၃ရက်တွင် (၆)လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှမမေ့ပါ။ ဦးရဲ-အန်တီခင်တို့နေ့စဉ်၊ လစဉ်ပြုသမျှ ကုသိုလ်အဖို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါ သား။

ဦးရဲ -အန်တီခင်
ညီလေး ရဲခေါင်ဗလ

SHWE MAIK CO.

တာရာဇို၊ ပါကေး၊ ကန်ထရိုက် စနစ်ဖြင့် ခင်းသည်။ စက်ငှားသည်

Ph: 242075, 662531

SHWE MAIK CO JADE TILES

8"x8",8"x6", 8"x4", 6"x6",6"x4", 6"x2"

Ph:242075, 662531

သမဝါယမဝန်ကြီးဌာန
အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
ယွန်းပညာကောလိပ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့ယဉ်ကျေးမှုလက်မှုအနုပညာအတတ်ပညာတစ်ရပ်ဖြစ်သည့် ယွန်းထည်လုပ်ငန်းများ မတိမ်ကောမပပျောက်စေရေးနှင့်ယွန်းထည်လုပ်ငန်း အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ပုဂံမြို့ယွန်းပညာကောလိပ်သင်တန်းများကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းများ-

(က) ယွန်းအတတ်ပညာဒီပလိုမာ (၂)နှစ်သင်တန်း
Dip.L.T (Diploma in Lacquerware Technology) 2nd Years

(ခ) ယွန်းအတတ်ပညာဒီပလိုမာ (၁)နှစ်သင်တန်း
Dip.L.T (Diploma in Lacquerware Technology) 1st Year Course.

၃။ သင်တန်းဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ-

(က) (၂)နှစ်သင်တန်းအတွက် ၂၀၀၃ခုနှစ်နှင့် ၎င်းနှစ်မတိုင်မီ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(ခ) (၁)နှစ်သင်တန်းအတွက် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) (၂)နှစ်သင်တန်းအတွက် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ဃ) (၁)နှစ်သင်တန်းအတွက် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(င) ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းပြီး ကိုယ်ရောစိတ်ပါ ကျန်းမာသူဖြစ်ရမည်။

၄။ ပေးအပ်မည့်ဘွဲ့ / ဒီပလိုမာ-

(က) ယွန်းအတတ်ပညာဒီပလိုမာ
Dip.L.T (Diploma in Lacquerware Technology)

(ခ) ယွန်းအတတ်ပညာဒီပလိုမာ (၂)နှစ်သင်တန်း အောင်မြင်ပြီးသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ် (သို့မဟုတ်) အလားတူစီးပွားရေးတက္ကသိုလ်တစ်ခုခု၏ ဒုတိယနှစ်သို့လည်းကောင်း၊ အဝေးသင်တက္ကသိုလ်(မန္တလေး)၏ဒုတိယနှစ်ဝိဇ္ဇာ(စီးပွားရေး)သို့ လည်းကောင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ-

(က)(၂)နှစ်သင်တန်းအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)နှင့် အမှတ်စာရင်း(မိတ္တူ)။ (ရွေးချယ်ခြင်းခံရပါကမူရင်းတင်ပြရမည်)။

(ခ) (၁)နှစ်သင်တန်းအတွက်ဘွဲ့လက်မှတ်(မိတ္တူ)။ (ရွေးချယ်ခြင်း ခံရပါကမူရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်မူရင်း

(ဃ)ကျန်းမာကြောင်း မြို့နယ်ဒေသန္တရကျန်းမာရေးဌာန၏ထောက်ခံချက်မူရင်း

၆။ လျှောက်လွှာများကိုဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်ဝင်ခွင့်လမ်းညွှန်များကို အောက်ဖော်ပြပါဌာနများတွင် ဝယ်ယူနိုင်ပါသည်။

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာ(ရုံးချုပ်)မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ်၊ ၀၁-၆၆၁၃၅၃၊၀၁-၆၆၁၀၄၆၊ ၀၁-၆၆၂၉၅၆

(ခ)အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ၊ (မန္တလေး)၊ ၂၅လမ်းနှင့်၈၂လမ်းထောင့်၊မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၆၀၃။

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)၊ အမှတ်-၇၉၇၊ တတိယထပ်၊ မဟာဗန္ဓုလလမ်း၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၂၂၃၅။

(ဃ) ယွန်းပညာကောလိပ်၊ ပုဂံမြို့၊တယ်လီဖုန်း-၀၂-၆၇၂၀၈၊ ၀၂-၆၇၂၃၁။

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို ယွန်းပညာကောလိပ်၊ ပုဂံမြို့သို့လည်းကောင်း၊ မိမိတို့လျှောက်လွှာဝယ်ယူရာအထက်ပါဌာနများတွင်လည်းကောင်းတင်သွင်းရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၀၀၃ခုနှစ် နိုဝင်ဘာလ(၂၁)ရက်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည့်အချက်များကို အထက်အပိုဒ်(၇)ပါဌာနများတွင် စုံစမ်းနိုင်ပါသည်။

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
မောင်အောင်ခိုင်မိုး(ခ)အောင်အောင်
အသက်(၂၀)
Nautical Cadet
ရေကြောင်းသိပ္ပံအပတ်စဉ်(၃၀)

မမျှော်လင့်ဘဲ ခွဲခွာသွားတဲ့ အချစ်ဆုံးသားလေး အောင်အောင်ရေ မိသားစုနဲ့ခွဲခွာသွားသည်မှာ ၃၀-၆-၂၀၀၃နေ့ဆိုရင် (၆)လပြည့်သော်လည်း စက္ကန့်နာရီနဲ့အမျှ မေ့မရနိုင်ခဲ့ပါသားရေ၊ သားလေးအတွက် ရည်စူး၍ နေ့စဉ်နဲ့အမျှ ကောင်းမှုကုသိုလ်တွေပြုလုပ်လျက်ပါ။ ယနေ့ပြုလုပ်တဲ့ ဝေဘူကျောင်းတိုက်မှ သံဃာတော်အပါး(၅၀)အား ကထိန်သင်္ကန်းနှင့်သက်သတ်လွတ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကောင်းမှုအစုစုကို အချစ်ဆုံးသားအောင်အောင်အား အမျှပေးဝေပါတယ်။ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝမှနေ၍ သားလေး အောင်အောင် အမျှရရှိပြီး သာဓုခေါ်ဆိုနိုင်ပါစေ။ သားလေးအောင်အောင်ရေ အမျှ-အမျှ-အမျှ

ဖေဖေ - ဒုတိယရဲမှူးကြီး ခင်မောင်ဝင်း(ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး)
မေမေ - ဒေါ်နွဲ့နွဲ့ဝင်းမိသားစု။

အမြန်ဝယ်လိုသည်

လက်ရှိအသုံးပြုနိုင်မည့် 350 KVA(သို့) 500 KVA မီးစက်ကြီးများ ဝယ်လိုပါသည်။

Ph-202540, 298943, 095000563

အမြန်ရောင်းမည်

လှိုင်မြို့နယ်၊ ခပေါင်းအိမ်ရာ (40'x40')၊ အဆင့်မြင့်ပြင်ဆင်ပြီး AC(၄)လုံး၊ ဖုန်းပါ၊ VIPရပ်ကွက် 537431 သို့ဆက်ပါ။ 547431

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်နွယ်(၈၉)နှစ်

ပါမောက္ခ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါ်ခင်ဇမူ၏ဖခင် ဦးတင်နွယ်(၈၉)နှစ်သည် ၂၇-၁၀-၂၀၀၃နေ့တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းပါကြောင်း။

ခွဲစိတ်ကုဆရာဝန်များအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဖရီဒါဟံခါနမ်(ခ)မလှလှဝင်း
အသက်(၃၇)နှစ်
(ဗိုလ်ချုပ်ဈေးသစ်)
B.A(Myanmar)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၂)လမ်း၊ အမှတ်(၁၁၀A)နေ (မော်လာနာဇွဖုဟူရ်အဟ်မဒ်)-ဒေါ်ဖာသိမာဘီဂျီဝါးတို့၏ သမီးဦး၊ ဟာစန်အဟ်မဒ်ရှားဟ်(ခ)မောင်အုန်းမောင်၏ညီမ၊ ဟူစိုင်န်အဟ်မဒ်ရှားဟ်(ခ)မောင်အောင်ထွန်း၊ နအီမာဟ်ခါနမ်(ခ)မမိုးစန္ဒာ(မွတ်စ်လင်မ်ကုသိုလ်ဖြစ်ဆေးရုံ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ဝါဂျေဒါဟ်ခါနမ်(ခ)မသီတာ(ဗိုလ်ချုပ်ဈေးသစ်)၊ အဇီးဇ်အဟ်မဒ်ရှားဟ်(ခ)မောင်တင်ထွန်း၊ (ဖာရူးက်အဟ်မဒ်ရှား(ခ)မောင်ငွေမင်းသိန်း)၊ ဗရှီးရ်အဟ်မဒ်ရှားဟ်(ခ)မောင်အောင်ခိုင်၊ ဇကီယာဟ်ခါနမ်(ခ)မဥမ္မာခိုင်၊ နဇီးရ်အဟ်မဒ်ရှားဟ်(ခ) မောင်အောင်ထက်ခိုင်တို့၏ ချစ်လှစွာသော အစ်မကြီး၊ အဗ္ဗဒွလ်အလီးမ်၊ ဇကရီယာခါန်း၊ အင်မ်ရာန်အဟ်မဒ်ရှားဟ်တို့၏အဒေါ်၊ ဖရီဒါဟ်ခါနမ်(ခ)မလှလှဝင်းသည် ၂၇-၁၀-၂၀၀၃(တနင်္လာနေ့)နံနက်၉:၁၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ အဆွဲ့ရ် ဆွလာသ်အပြီးတွင် ရေဝေးစွန္နီကဗရတ်စ်သာန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်သန်းမေ(ခ)ဒေါ်ကောင်းမေ
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အမှတ်(၁၆၉)၊ ဟုမ်းလမ်း(၅)လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးဘသန်း)၏ဇနီး၊ ဒေါ်ကောင်းအေး၊ (ဒေါ်ခင်သန်း)တို့၏အမကြီး၊ ဦးစိုင်းကျော်ကျော်-ဒေါ်တင်တင်ငြိမ်းတို့၏ မိခင်ကြီး ဒေါ်သန်းမေသည် ၂၈-၁၀-၂၀၀၃ရက် နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးကြည်ဆွေ
အသက်(၅၄)နှစ်
လက်ထောက်ညွှန်မှူး(ငြိမ်း)ဆည်မြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၈၅)နေ ဒေါ်နွဲ့နွဲ့လှိုင်၏ခင်ပွန်း ဦးကြည်ဆွေ ရာသက်ပန်အသင်းဝင်အမှတ် (၂၇၂)သည် ၂၆-၁၀-၂၀၀၃နေ့တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဘဂျမ်း (၇၇)နှစ်

ရေနံချောင်းမြို့၊ ညောင်လှ၊ ရွာမရပ်နေ ဒေါ်ဥဖြူ၏သား၊ ဒေါ်ခါတွန်၏မောင်၊ ဒေါ်တင်တင်၏ခင်ပွန်း၊ ကိုတင်မောင်အေး၊ မချိုချိုမာ(မြန်မာဆက်သွယ်ရေး၊ မကွေး)၊ ကိုတင်ဦး၊ မတင်မေရီ(ကုန်မျိုးစုံဆိုင်၊ မကွေး)၊ ကိုတင်ပွား(Oceanline Singapore)၊ မညိုညို၊ ကိုခင်မောင်ထွေး(နောင်ရိုးသမ)၊ မမြမွန်(ပညာရေး)တို့၏ဖခင်၊ Drမောင်မောင်ကြီး(သဃ်န်းကျွန်း၊ စံပြဆေးရုံ)ဒုတိယဗိုလ်မှူးကြီးလှမြင့်(ရန်ကုန်)၊ ဒေါ်တင်တင်မာ(ဆေးတက္ကသိုလ်မကွေး)တို့၏ဦးလေး၊ မြေး(၆)ယောက်တို့၏အဘိုးဖြစ်သူ ဦးဘဂျမ်းသည် ၂၆-၁၀-၂၀၀၃နေ့ မနက် ၅နာရီအချိန်တွင် ရေနံချောင်းမြို့၌ အလ္လာသျှင်မြတ်၏ အမိန့်တော်ကို ခံယူသွားပြီဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမိတ်ဆွေများကို အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးပု (၆၇)နှစ်
ဒု-လထ ဦးစီးမှူး(ငြိမ်း)ဆည်မြောင်း မိတ္ထီလာမြို့

မိတ္ထီလာမြို့ဝန်ဇင်(၂)စက်မှုဆည်မြောင်းဝင်းနေ ဒေါ်ဆယ်မိ၏ခင်ပွန်း ဦးပု ရာသက်ပန်အသင်းဝင် အမှတ်(၃၆၆)သည်၂၅-၁၀-၂၀၀၃နေ့တွင် ကွယ်လွန်၍ ၂၆-၁၀-၂၀၀၃နေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။



ကမ္ဘာပေါ်တွင် တစ်ခုတည်းသော **"မဟာအင်အားကြီးနိုင်ငံ"** အဖြစ်မှ မည်သူမျှ မယှဉ်နိုင်သော **"မဟာအင်အားလွန် နိုင်ငံကြီး"** အဆင့်သို့ ရောက်ရှိသွားပြီ ဖြစ်သော အမေရိကအပေါ် ကမ္ဘာပြည်သူများ၏ သဘောထားအမြင် . . .။

ထွက်နေပါပြီ

- သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင် သိမ်ဖြူလမ်း ရန်ကုန်မြို့နှင့်
- ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ ၅၂-လမ်း ရန်ကုန်မြို့တွင် ရရှိနိုင်ပါသည်။



ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်ကျင်မွေး အသက်(၁၀၂)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၁၇)နေ(ဦးစံ-ဒေါ်လှိုင်)တို့၏သမီး၊ ဦးဘိုးရွှေ၏ ဇနီး၊ ဦးကျင်ရွှေ-(ဒေါ်တင်မြ)၊ ဒေါ်ကျင်မြင့်၊(ဦးမြင့်သန်း)-ဒေါ်ခင်တင့်၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်လွင်၊ ဦးဟုတ်ရန်-ဒေါ်ခင်နု၊ ဒေါ်တင်မျိုးခိုင်၊ ကိုအေးသောင်းတို့၏ မိခင်၊ မြေး၂၁ယောက်၊ မြစ်၂၆ ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
နာယက

ဦးတင်နွယ် အသက်(၉၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်း အုတ်စက်ရုံ အမှတ်(၁)၊ အရာရှိရိပ်သာနေ ဒေါက်တာဦးမြင့်ဟန်၊ ဒေါ်တင်သိန်းနွယ်တို့၏ ဖခင်၊ အသင်းနာယက ဦးတင်နွယ်သည် ၂၇-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ယင်းနေ့တွင်တပ်မတော်ဆေးတက္ကသိုလ် မင်္ဂလာဒုံသို့ လှူဒါန်းပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ခတီဇာဘီ(ခ) ဒေါ်တီ အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ်(၁၂၆)နေ (ဟာဂျီအီဘရာဟင် (ခ) ဦးမောင်ကလေး)၏ ဇနီး၊ ဟာဂျီမဒေါ်အမာဂျန်၊ ဒေါ်ဂွလ်ဂျန်း၊ ဟာဂျီဦးသန်းကြည်(ခ)ဘိုင်လေးဘိုင်၊ ဟာဂျီဦးကံကြည်၊ ဦးချွတ်ကူး၊ ဒေါ်ဟာဂျီးမားတို့၏ မိခင်၊ မြေး ၁၇ယောက်၊ မြစ်၁၀ယောက်တို့၏အဘွား(ဘေးမ) ဟာဂျီမဒေါ်ခတီဇာဘီ(ခ)ဒေါ်တီ(နံ့သာမျိုးငါးပါးရောင်းဝယ်ရေး)သည် ၂၉-၁၀-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၁၀-၂၀၀၃(ကြာသပတေးနေ့) ဇုဟောရ်နမာဇ်အပြီးတွင် စုရတီစွန်နီဂျာမေဗလီမှ ရေဝေးစွန္နီကဘာရ်စတန်သို့ ဒါဖ္ဖနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်လှ (၄၉)နှစ်

ထိပ်တန်းအထည်ဆိုင်
(ကြည့်မြင်တိုင်ညဈေး)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက် (အရှေ့)ရပ်ကွက်၊ အထက်ဌာနာလမ်း၊ အမှတ်(၇၆)နေ (ဦးလှအောင်)-ဒေါ်ရီတို့၏ သား၊ ဦးအောင်မြင့်-ဒေါ်စန်းမြင့်တို့၏ သားသမက်၊(ဦးအောင်သန်း)-ဒေါ်အေးသန်း၊ ဦးမြတ်စိုး-(ဒေါ်တင်ရီ)၊ ဦးတိုးမြင့်-ဒေါ်အေးသိန်း၊ (ဦးကြည်ဝင်း)၊ ဦးစန်းမောင်-ဒေါ်မူမူတို့၏ညီ/မောင်၊ ဦးမောင်မောင်အောင်-ဒေါ်မြင့်မြင့်ကြည်၊မသီတာအောင်တို့၏ အစ်ကို၊ ဒေါ်ဖြူဖြူအောင်၏ခင်ပွန်း၊ မောင်ဇွဲလင်းပြည့် (T.T.C)၊ မောင်ပိုင်စိုးညီ (T.T.C)တို့၏ ဖခင်သည် ၂၉-၁၀-၂၀၀၃ရက်နံနက်၆း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၃ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အောင်မျိုးထွေး (၂၉)နှစ်

B.E. (Aeronautical)

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၀)နေ ဦးအုန်းကြိုင်-(ဒေါ်စဝ်မြငြိမ်း)တို့၏ သားထွေး၊ ဒေါ်တင်မမကြိုင်(အထက-၄၊ တောင်ကြီး)၊ မောင်မျိုးမင်း(RCL)၊ မခင်မိုးမိုးကြိုင် (UEC)တို့၏ညီ/မောင်၊ဦးဘုန်းမြင့်-ဒေါ်ခင်နွဲ့ရီ၊ Dr. မောင်မောင်လေး-Dr.နုနုခင်၊ ဦးတင်မောင်-ဒေါ်စဝ်မြသိန်းတို့၏ တူသည် ၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်-၉၇၊ စီ-၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ သိမ်၊
ရဟန်း၊ဒါယိကာမကြီး

ဒေါ်လှတင် အသက်(၈၀)

(ရေလဲကြီး၊ လေးထပ်ပိုင်း၊ဓနုဖြူမြို့)

ဓနုဖြူမြို့၊ ရေလဲကြီးကျေးရွာနေ ဦးအောင်မှင် - ဒေါ်သင့်တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၈၅၀)၊ ရတနာလမ်း၊ ဆ/ခရပ်ကွက်၊ သဃ်န်းကျွန်းနေ (ဦးတင်မြ)၏ ဇနီး၊ ဒေါက်တာဦးလေးအောင် (မြို့နယ် ဆရာဝန်ကြီး၊ ယင်းမာပင်မြို့၊ စစ်ကိုင်းတိုင်း)-ဒေါက်တာ ဒေါ်ခင်ခင်ထွန်း (ပြည်သူ့ဆေးရုံ၊ ယင်းမာပင်မြို့၊ စစ်ကိုင်းတိုင်း)၊ ဦးသန်းမြင့်-ဒေါ်ဝင်းကြည်ရွှေ(သူနာပြုဆရာမကြီး၊အလုပ်သမားဆေးရုံ၊ ရန်ကုန်)၊ ဦးတင်ညို၊ ဦးခိုင်စိန်-ဒေါ်သိန်းသိန်းမြင့်(အထက-၅၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ရင်မြ(ဘူမိဗေဒဌာန၊ ဟင်္သာတ တက္ကသိုလ်)တို့၏ မိခင်၊ မြေးကိုး ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၀၃ရက်တွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃(သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံသိန်း (၇၃)နှစ်

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(ဒိုက်ဦး)

ဒိုက်ဦးမြို့နေ (ဦးတန်-ဒေါ်သိန်းရီ) တို့၏သားကြီး၊တိုက်(၁၅)၊အခန်း (၂၀၂)၊ အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နေ ဒေါ်ခင်သန်းညွန့် (အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဦးလှကြည်-ဒေါ်အပုတို့၏ အစ်ကိုကြီး၊ ဦးထင်ဇော်စံသိန်း-ဒေါ်ခင်ဥမ္မာမြင့်၊ ဦးကံမြင့်ထွန်း-ဒေါ်လဲ့လဲ့စံသိန်း၊ ဦးတေဇော်လင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည်၂၈-၁၀-၂၀၀၃(အင်္ဂါနေ့)ည ၈နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အောင်ဇေယျအိမ်ရာနေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးတင့်(၆၅)နှစ်

လ-၅၆၄၀၄၊ ဖောင်ကြီးတေ၈(၃)
ဒုရဲမှူး(ငြိမ်း)၊ သတင်းတပ်ဖွဲ့

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၆)လမ်း၊ အမှတ်(၇၇၀)နေ (ဦးလှဖေ-ဒေါ်ပေါ်ကြွယ်)တို့၏ သား၊ ဒေါ်မူမူ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်အောင်၏ညီ၊ ဒေါ်မြငွေ၏ အစ်ကို၊ ဒုရဲအုပ်ကျော်ဇေယျ(သတင်းတပ်ဖွဲ့)၊ ဒေါ်ခင်မိမိခိုင်၊ မဥမ္မာစိုး(ဒဂုံတောင်၊စည်ပင်၊ ရေ/သန့်)၊ မခင်ယုဆွေ (Myanmar VES)၊ မလဲ့လဲ့သင်း(အင်းစိန်ဆသရငွေစာရင်း)၊ မောင်မိုးမင်းဟိန်း (ခေတ္တ-စင်ကာပူ)တို့၏ မွေးသဖခင်၊ မနေခြည်ဦး၊ မောင်ထက်ဝေယံတို့၏ဘိုးဘိုးကြီးသည် ၂၉-၁၀-၂၀၀၃ရက် နံနက်၀၀း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်အေး (၅၈)နှစ်

မြို့နယ်သမဝါယမဦးစီးဌာန(ငြိမ်း)
(ဝါးခယ်မ)

ရန်ကုန်မြို့၊လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ၊ (၂)လမ်း၊ အမှတ်(၉)၊ စမ်းချောင်းမြို့နယ်နေ (ဦးဘရိမ်း-ဒေါ်စိမ်းတင်)တို့၏ သား၊ (ဒေါ်ခင်ကြည်)၊ဒေါ်ခင်ရီ၊ ဦးကျင်ဟုတ် (အမက-မင်းပိုင်း-ငြိမ်း၊ဝါးခယ်မ)၊ ဒေါ်တင်ထွေး (အမက၊ မင်းပိုင်း၊ ဝါးခယ်မ)၊ (ဦးတင်အေး)-ဒေါ်တင်စိန်၊ (ဦးတင်ဝင်း)-ဒေါ်အေးမြင့်တို့၏ မောင်၊ ဦးအေးကြိုင် (ကစလ)-ဒေါ်အုံးကျင်တို့၏ အစ်ကို၊ ဒေါ်နွယ်နွယ်ဝင်း(D.H. Corporation Myanmar)၊ ဒေါ်လတ်လတ်သူ (စမ်းချောင်း/စည်ပင်)နှင့် တူ၊တူမ ရှစ်ယောက်တို့၏ ဦးလေး၊ မြေး နှစ်ယောက်တို့၏ အဘိုးလေးသည် ၂၉-၁၀-၂၀၀၃ရက် မွန်းလွဲ၁၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ရေဝတ

ဦးစီးပဓာန နာယကဆရာတော်

သိက္ခာတော် (၄၂)ဝါ၊ သက်တော် (၆၄)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မစိုးရိမ်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လ၏ ညီတော်၊ လေးထောင့်ကန်စံပြကျေးရွာ၊ ရွှေနံ့သာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ မဟာရန်ကုန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တရေဝတသည် (၁၃၆၅ ခု တန်ဆောင်မုန်းလဆန်း ၃ရက်) ၂၇-၁၀-၂၀၀၃ (တနင်္လာနေ့) ညနေ ၅း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်) ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဒေါ်ခင်အုန်းကြည် အသက်(၇၉)နှစ်

(ရန်ကင်း)

ရန်ကုန်တိုင်း၊ အရှေ့ရန်ကင်း၊ တိုက်(၁၆၄)၊ အခန်း(၁)နေ ဦးခင်မောင်မြိုင် (စစစ-အငြိမ်းစား)၏ ဇနီး၊ ဦးခင်မောင်မြင့်(ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန)-ဒေါက်တာခင်သက်မြိုင် (ရန်ကုန်တိုင်း၊ ကျန်းမာရေးဦးစီးဌာန)၊ ဦးသန့်ဇင်မြိုင်-ဒေါ်စိုးစိုးသိန်း၊ ဒေါ်တင်တင်ရီ၊Capt. မိုးကျော်မြိုင်-ဒေါ်ရီရီလှိုင်တို့၏ မိခင်၊ ဒေါက်တာမင်းဦးမြင့်(ကလေးဆေးရုံကြီး)-မကျော့ကျော့စိုး၊ ကိုမင်းဇော်မြင့်[3/O,F.G]-မယမင်းမော်၊မစုသီဂီမြင့် [M.B.,B.S Final Part II,IM(1)]၊ ကိုဝင်းကို Asst: Manager (Konoike Construction Ltd.)၊ မဝင်းမာ(1st Year English U.F.L)၊ ဝေမွန်သန့်၊ မသီရိသက်ရည်မွန် (VIII၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏ ချစ်လှစွာသောအဘွား၊ မောင်အောင်ဘုန်းပြည့်၊ မောင်အောင်ဘုန်းမြင့်တို့၏ ဘွားဘွားကြီး ဒေါ်ခင်အုန်းကြည်သည် ၂၈-၁၀-၂၀၀၃ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၀၃(တနင်္လာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းမြင့်(၈၁)နှစ်

ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)
မြန်မာ့မီးရထား

ရန်ကုန်မြို့၊ အမှတ်(၄၀)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်ကျင်မေ၏ခင်ပွန်း၊ ဒေါက်တာခိုင်စိုး (ဒေါက်တာခိုင်ခိုင်ဇင်)၊ဒေါက်တာညီဝင်း (ဒေါက်တာပြုံး)တို့၏ဖခင်၊မောင်အောင်ကိုဦး၊ မောင်ပြည့်ဖြိုးခိုင်၊ မထက်မြက်ဦး၊ မောင်လင်းဇော်ဝင်းတို့၏အဘိုးသည်၂၉-၁၀-၂၀၀၃ရက် နံနက်၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၀၃(အင်္ဂါနေ့)နံနက်၇နာရီမှ ၁၀နာရီ အထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးမင်းစိန်(ခ)ဦးမြင့်စိန် (၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးဒါနိုင်-ဒေါ်စိန်)တို့၏သားကြီး၊ (ဦးသက်ရွှေ-လျှုဝေဖက်)တို့၏ သားသမက်၊ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄၀/အေ)၊(၄)လမ်းနေ ဝေါင်ရှုဖွန် (ခေတ္တ-ကနေဒါ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်နိုင်(ခေတ္တ-ကနေဒါ)၊မောင်ထွန်းနိုင်(ခေတ္တ-ကနေဒါ)၊ မနီနီဝင်း(ခေတ္တ-ကနေဒါ)တို့၏ ဖခင်၊ ဦးမင်းပို-နန်းစေးဖော၊ ဦးကျော်ထွန်း(ခ) ဦးအောအေ-ဒေါ်သန်းသန်း၊ဦးလှရီ-ဒေါ်အလွမ်းတို့၏ အစ်ကိုကြီး၊ မောင်မျိုးသန်းထွန်း၊ မောင်ကျော်မင်းဦး၊ မခိုင်ခိုင်ဇင်တို့၏ ဘကြီးသည် ၂၆-၁၀-၂၀၀၃(တနင်္ဂနွေနေ့)ညနေ ၆း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၁-၁၁-၂၀၀၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းမောင်(ခ)သားသား အသက်(၄၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၆၈/၆၉)၊ (၈)လမ်းနေဦးထင်ကျော်-(ဒေါ်ရှုကြူ)တို့၏သားဦး၊ ဦးကျော်ထွန်း-ဒေါ်လှကြည်၊ ဦးမြင့်လှိုင်-ဒေါ်မြကြည်၊ ဦးသန်းမြင့် - ဒေါ်ရင်ကြည်တို့၏ မောင်၊ (ကိုမောင်မောင်- မအေးအေးမော်)၊ ကိုညီညီ-မအိအိခင်၊ ကိုသိန်းလွင်-မဝါဝါလွင်တို့၏အစ်ကို၊တူ၊ တူမခုနစ်ယောက်တို့၏ ဦးလေး ကိုဝင်းမောင်(ခ)သားသားသည် ၂၆-၁၀-၂၀၀၃ ရက်တွင်ကွယ်လွန်ပါ၍ ၃၀-၁၀-၂၀၀၃(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။(နေအိမ်မှကားများ နံနက်၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်ကျင်အေး အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အမှတ်(၃၆)၊ သရက်တောလမ်းနေ (ဦးသိန်းမောင်)၏ ဇနီး၊ ဦးတင်ထွန်း၊ ဦးမြင့်ထွန်း၊ ဦးဘိုဝင်း (ခ) ဦးမြင့်လွင်(သန်လျင်အော်တိုအိတ်ချိန်း) - ဒေါ်ဆင့်ဆင့်နွယ်၊ ဦးမြင့်ဝင်း၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ဒီဒီမြင့်(မြို့တော်စည်ပင်)၊ ဒေါ်မြင့်မြင့်ခိုင်(ဌာနစုမှူး၊ ရာပြတ်ဌာန၊ မြို့တော်စည်ပင်)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားဖြစ်သူသည် ၂၈-၁၀-၂၀၀၃(အင်္ဂါနေ့) ညနေ ၆း၃၃ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၀၃(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

အဘူဗကဲရ်(ခ)အဘူဘိုင် အသက်(၆၄)နှစ်

(လေလံ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၂၀-E) နှစ်လွှာနေ အဘူဘိုင်သည် ၂၉-၁၀-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် အလ္လာသျှင်မြတ် အမိန့်ခံယူသွားပါသဖြင့် ၃၀-၁၀-၂၀၀၃ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးဥယျာဉ်တော် ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဖြိုးသစ် (၂၉)နှစ်

(ဦးဂျွန်ဖိုးလွင်)-ဒေါ်နော်မေတို့၏ သား၊ ဦးမြင့်ထူး-(ဒေါ်စိန်သွယ်)တို့၏ သားသမက်၊ အမှတ်(၈)၊ ဦးဖိုးခင်လမ်း၊ အောက်ကြည့်မြင်တိုင်၊ ကရင်အမျိုးသားရပ်ကွက်နေ ဒေါ်နုနုမြင့်(အမက-၁၃၊ ကြည့်မြင်တိုင်)၏ ခင်ပွန်း၊ စောနိုင်လွင်ဦး၊ စောဝင်းလွင်ထူး၊ နော်စပယ်လွင်၊ ဒေါ်ကြည်ကြည်နိုင်၊ (ဦးချစ်ဝင်းညွန့်)၊ ဦးမြတ်စိုး၊ ဒေါ်ဌေးဌေးမြင့်- ဦးဝင်းဒီတို့၏ ညီ/မောင်သည် ၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၃၁-၁၀-၂၀၀၃ (သောကြာနေ့) နံနက် ၉နာရီတွင် အနောက်ပိုင်းဆေးရုံကြီး အအေးတိုက်၌ ဝတ်ပြုပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

အဖဦးခင်မောင်မြင့်၏ သားပုဇွန်တောင် အထက(၄)၊ သတ္တမတန်း(က)မှ မောင်ဝေဟင်ဇော်အား ယနေ့မှစ၍ မောင်ဝေဟင်မှူးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေဟင်မှူး။

ရောင်းမည် ကားဖြင့်လဲမည်

လုံးချင်း ရေမီးစုံ၊ ၂၅ပေ x ပေ၅၀ လှည်းတန်း (၆)လမ်း၊ ကမာရွတ်၊ ပွဲစားမလို ဖုန်း-၅၀၀၈၃၁။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် စ/၁၄၄၀ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဦးအဘူလ်ကလာမ်(ခ) ဦးအာဘူး အသက်(၆၀)

ဝေယံဦးစက်ဘီးရောင်းဝယ်ရေး

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ဦးရှဉ့်ကျကျေးရွာနေ (ဟာဂျီဦးဒူးဒူးမြား-ဟာဂျီမဒေါ်ရှုကီယာ)တို့၏သားကြီး၊မာန်အောင်မြို့နေ(ဦးလာလီမြား-ဒေါ်ဇော်ရာဘီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊အမှတ်(၁၈)၊ ၂၅လမ်းနေ ဟာဂျီမဒေါ်ဟာဂျရာ(ခ) ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးလှဝင်း-ဒေါ်မာမာအေး၊ ဦးဝင်းမြင့်-ဒေါ်အမာနွယ်၊ကိုသန်းထွန်း၊ဟာဂျီခင်ဝင်း-ဟာဂျီမအမာချို၊ ဟာဂျီဦးလှမြင့်-ဟာဂျီမအမာလွင်၊ဟာဂျီတင်ဦး-မအမာကြည်၊ဟာဖစ်ဇော်လဝီမိုဟာမက်ဆွာလေ၊ မောင်အလီဘိုင်၊ မောင်စူလေမန် တို့၏ ဖခင်၊မြေး၁၄ယောက်တို့၏ အဘိုး သည် ၂၆-၁၀-၂၀၀၃ရက် ည၁၀း၀၅နာရီ တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူ သွားပါ၍ ၂၇-၁၀-၂၀၀၃ရက် ဇဟိုရ်နမာဇ် အပြီး ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အရှည်ကြီး(ခ)ကိုမင်း(ခ) မောင်ဝင်းမင်းသန့် အသက်(၂၄)နှစ်

ဒုတိယနှစ်၊ သချာ်(ဒဂုံ)

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ခံပင်ကျေးရွာနေ (ဦးအောင်ဖေ-ဒေါ်အုန်းမြိုင်)၊ ဦးသာဉာဏ်-ဒေါ်လှနွဲ့တို့၏မြေး၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ဧရာဝတီလမ်း၊ အဆင့်မြင့်(၅)ရပ်ကွက်၊ (၁၀၄၃-၄၄)နေ ဦးတင်လှ(ခ)ဦးတင်လှိုင်အေး-ဒေါ်ဝင်း(ခ)ဒေါ်ဌေးဌေးဝင်းတို့၏ တစ်ဦးတည်းသောသား၊ ကိုဇော်ထွန်းအောင်-မနွယ်နွယ်ဦးတို့၏ မောင်၊ မအိအိဖြိုး၏ အစ်ကို၊ မလဲ့လဲ့ထွန်း၏ ဦးလေး အရှည်ကြီး(ခ)ကိုမင်း(ခ) မောင်ဝင်းမင်းသန့်သည် ၂၆-၁၀-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ၁၂း၁၅နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမျိုးသားစာပေ တစ်သက်တာဆု စာရေးဆရာမောင်ထင် ရရှိ

ရန်ကုန် အောက်တိုဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး **ကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေ အကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသား ပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသော အားဖြင့် ဦးထင်ဖတ် (စာရေးဆရာမောင်ထင်) အား အမျိုးသားစာပေ တစ်သက်တာဆုကို ရွေးချယ်ချီးမြှင့်လိုက်သည်။**

အဆိုပါဆုကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည့် ၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆု ဆုနှင်းသဘင်အခမ်းအနား၌ ချီးမြှင့်မည် ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆုများ ကြေညာ

ရန်ကုန် အောက်တိုဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီသည် ၂၀၀၂ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆု ချီးမြှင့်ရွေးချယ်ခြင်းခံရသော စာအုပ်များ၊ စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် မစန္ဒာ၏ **ဆင္ဌဂံ**၊ ဝတ္ထုတို ပေါင်းချုပ်ဆုတွင် သန်းမြင့်အောင်၏ **သဏ္ဌာန်မဲ့ထုထည် ဝတ္ထုတိုစု**၊ ကဗျာပေါင်းချုပ်ဆုတွင် ဇော်မင်းမင်းဦး၏ **ပထမဆုကဗျာများ**၊ စာပဒေသာဆုတွင် မောင်ခင်မင် (ဓနုဖြူ)၏ **နှစ်လေးဆယ် ဘဝမှတ်တိုင်များ**၊ ကလေးစာပေဆုတွင် မင်းရွှေမင်း(အင်းစိန်)၏ **မောင်လူမွေးနဲ့ မပန်းမွှန် ကလေးကဗျာများ**၊ လူငယ်စာပေဆုတွင် ရေနံမြေမောင်မောင်ကြည်၏ **ပန်းပွင့်ကလေးများ မွေးပါသည် လက်ရွေးစင်လူငယ်ဝတ္ထုတိုများ**၊ ဘာသာပြန်(သုတ)ဆုတွင် ဟိန်းလတ်၏ **တတိယကမ္ဘာမှ ပထမကမ္ဘာသို့**၊ ဘာသာပြန်(ရသ)ဆုတွင် နတ်နွယ်၏ **ကာရာမာဇော့ညီအစ်ကိုများ**၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် မကြန်၏ **သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ**၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ဒေါက်တာကျော်သန်းထွန်း(ရန်ကုန်ဆေးတက္ကသိုလ်)၏ **သိပ္ပံနည်းကျ ကမ္ဘာ့တိုင်းရင်းဆေး**၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာထွန်းအောင်ကျော် (မျက်စိ)၏ **မျက်စိကျန်းမာလူချမ်းသာ** တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ်(၁၄)မျိုးရှိသည့်အနက် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု၊ ပြဇာတ်စာပေဆုနှင့် နိုင်ငံရေးစာပေဆုတို့တွင် ဆုဆွတ်ခူးနိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရရှိကြသော စာရေးဆရာများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန် ဖုန်း-၂၅၂၅၆၀၊ ၂၄၀၀၄၈နှင့် ၃၈၁၄၄၉တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို စာဆိုတော်နေ့အကြို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည် ဖြစ်သည်။

ဆုရရှိသူများသည် နိုဝင်ဘာ ၇ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ်ထံ သတင်းပို့ကြရန်ဖြစ်သည်။ (သတင်းစဉ်)

ကော ဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မယ်ဒလင်တီး ပြိုင်ပွဲ အခြေခံ ပညာ အဆင့် အသက် ၁၅နှစ်မှ ၂၀နှစ် အမျိုးသမီး မယ်ဒလင်တီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မသီရိလှိုင် ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီလုပ်ငန်းစု၏ ကူညီပံ့ပိုးမှုဖြင့် ပြင်ဦးလွင်၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိနေသော ကော်ဖီစိုက်ခင်းများကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

ပြည်ပဈေးကွက်ဝင် ကော်ဖီပင် တိုးချဲ့စိုက်ပျိုး သုံးနှစ်အတွင်း ငွေဝင်ပြီး ရေရှည်အကျိုးဖြစ်ထွန်း

ကွင်းဆင်းလေ့လာရေးသားသူ-ခရမ်းစိုးမြင့်

ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံသည် ပြည်ပတွင်ဈေးကွက်ရရှိနေသည့် ကော်ဖီများကို ပြည်နယ်နှင့်တိုင်းများ၌ ဧက ၂၃၀၀၀ စိုက်ပျိုး အောင်မြင်လျက်ရှိပြီး အသီးခူးနိုင်သောဧကမှာ လက်ရှိ ဧက ၁၂၀၀၀ရှိသည်ဖြစ်၍ နှစ်စဉ်ကော်ဖီစေ့ ၂၄၁၈ မက်ထရစ်တန် ထွက်ရှိနေကြောင်း သိရသည်။

ပြည်ပဈေးကွက်ဝင်

ထိုသို့ ပြည်ပဈေးကွက်ဝင် ကော်ဖီများကို တိုးချဲ့စိုက်ပျိုးကြရန် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်အရ ပြင်ဦးလွင်မြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ကော်ဖီစိုက်ပျိုးနိုင်သည့် မြေဧရိယာ ၅၄၅၇ဧက ဖော်ထုတ်ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ နေရာများ ချထားပေးခဲ့ရာ ယခုအခါ ၄၈၉၅ ဒသမ ၂၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်သည်။

အလားတူပင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးဒေသတွင်လည်း မြေနေရာ ၂၉၁၅ ဒသမ ၃ ဧကကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ နေရာချထားပေးခဲ့ပြီး စိုက်ပျိုးစေခဲ့ရာ ဧကပေါင်း ၁၉၇၅ ဒသမ ၄၁ ဧက အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဧကတစ်သိန်း

နိုင်ငံတော်အကြီးအကဲက ဆန်စပါး၊ ပဲ၊ ပြောင်းများအပြင် ပြည်ပပို့ကုန် အမယ်သစ်(အမည်သစ်)များ ရှာဖွေရန်နှင့် ပြည်ပတွင် ဈေးကွက်ရရှိနေသည့် ကော်ဖီကို ဖြစ်ထွန်းအောင်မြင်နိုင်သည့် ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ် အကြားတွင် ဧက ၁၀၀၀၀၀ အထိ ပြည့်မီအောင် စိုက်ပျိုးရန် ထပ်ဆင့်လမ်းညွှန်မှုပြုခဲ့သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်ခေါင်းဆောင်ပြီး ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်များသို့ ကွင်းဆင်း၍ မြေနေရာများ ရှာဖွေဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင်တွင် ၅၉၂၄၂ ဧကနှင့် နောင်ချိုမြို့နယ်တွင် ဧက ၅၅၀၀၀ စုစုပေါင်းဧက ၁၁၄၂၄၂ ဧကအား လျာထား ဖော်ထုတ်နိုင်ခဲ့သည်ဟုသိရသည်။

ထိုသို့လျာထားဖော်ထုတ်ခဲ့သော မြေများအနက် ကော်ဖီစိုက်ဧက ၁၀၀၀၀၀ကို ပြင်ဦးလွင်မြို့နယ်တွင်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ➪

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး (၁၆)ရက်မြောက်နေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂၉

ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ (၁၆)ရက်မြောက်နေ့ပြိုင်ပွဲ အစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ယနေ့ ဆက်လက်ကျင်းပသည်။

တက်ရောက်အားပေး

ယနေ့ကျင်းပသည့် ကောဒသမ အကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပရာသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို လေးစားချစ်ခင်မြတ်နိုးကြသူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

အဆို

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊

စာမျက်နှာ ၂ ကော်လံ ၃ သို့ ❍

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

30-10)KM.P65 20 1/1/32, 8:47 AM